ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၂ ရက်၊ သောကြာနေ့၊ (3-6-2011) (၆၇၇၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး	☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး	☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မိမိတို့အနေဖြင့် ဒေသတွင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့် ရင်းနှီးစွာ ဆက်ဆံဆောင်ရွက်လျက်ရှိ၊ ကုလသမဂ္ဂနှင့်လည်း အလေးထား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အဆွေတော်တို့နှင့်လည်း ပူးပေါင်းဆောင်ရွက်ရေး၊ ဆက်ဆံမှုတိုးမြှင့်ရေးကို အလေးထားဆောင်ရွက်သွားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး

မြန်မာနိုင်ငံသည် မှန်ကန်သည့်လမ်းကြောင်းအပေါ်တွင် ရောက်ရှိနေပြီဖြစ်သည်ဟု မိမိယုံကြည်လက်ခံ၊ အမေရိကန်အစိုးရနှင့် လုပ်ဖော်ကိုင်ဖက်များအား မြန်မာနိုင်ငံနှင့် စတင်ဆွေးနွေးရန် လိုအပ်နေပြီဖြစ်သည်ကို အသိပေးပြောကြားသွားမည်

အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် မစ္စတာ ဂျွန်မက်ကိန်း

လက်ခံ တွေ့ဆုံ

ဒုတိယသမ္မတ သီဟသူရ ဦး တင် အောင် မြင့် ဦး အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် မစ္စတာ ဂျွန်မက်ကိန်းနှင့်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် မြန်မာနိုင်ငံသို့ ရောက်ရှိနေသော အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် မစ္စတာ ဂျွန်မက်ကိန်းနှင့်အဖွဲ့အား ယမန်နေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် အဆွေတော်နှင့်အဖွဲ့ကို လှိုက်လှဲစွာကြိုဆိုပါကြောင်းနှင့် လက်ခံတွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ အဆွေတော်အနေဖြင့် ယခုခရီးစဉ်မှာ တတိယအကြိမ်ဖြစ်ပြီး ယခင်နှစ်ကြိမ်တွင် ထိုစဉ်က နိုင်ငံ့ခေါင်းဆောင်များ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မြန်မာ-အမေရိကန် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ထွန်းလာရေးနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များကို အလေးထားဆွေးနွေးခဲ့ကြောင်း သိရှိရသည့်အတွက် အထူးဝမ်းမြောက်ပါကြောင်း၊ ယခုအခါ အဆွေတော်မျှော်မှန်းခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အစိုးရသစ်ပေါ်ပေါက်ချိန်တွင် လာရောက်ခဲ့ခြင်းဖြစ်သည့်အတွက် နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးအတွက် များစွာအကျိုးရှိမည်ဟု မျှော်လင့်ပါကြောင်း။

မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန္ဒခံယူပွဲပြုလုပ်၍ ပြည်သူအများစု၏ ထောက်ခံဆန္ဒပြုမှုဖြင့် အတည်ပြုနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ပြည်သူများအတည်ပြုခဲ့ပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်အသီးသီး ပေါ်ပေါက်လာခဲ့ပြီး လွှတ်တော်များက နိုင်ငံတော်သမ္မတနှင့် အစိုးရအဖွဲ့ကိုလည်းကောင်း၊ ဥပဒေပြုရေး၊ တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းအသီးသီးကိုလည်းကောင်း အတည်ပြုဖွဲ့စည်းပေးခဲ့ပြီး ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့မှ **စာမျက်နှာ ၈ ကော်လံ ၁ သို့✳**

ကြေးမှုံ The Mirror
၃ - ၆ - ၂၀၁၁ (သောကြာနေ့)

နယ်စပ်ဒေသများ ဖွံ့ဖြိုးအောင် ဆက်လက်စွမ်းဆောင်

နိုင်ငံအတွင်း တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် စုစည်းယှက်နွှယ်နေထိုင်လျက်ရှိရာ တည်ငြိမ်အေးချမ်းမှုရှိရေးသည် အဓိကအချက်ဖြစ်သည်။ ခေတ်အဆက်ဆက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုရှိရေး အလေးထားကြိုးပမ်းလာခဲ့သည်။ စည်းလုံးညီညွတ်မှုကို အခြေတည်၍ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးဝေစည်သောနိုင်ငံကို တည်ဆောက်နိုင်မည်ဖြစ်သည်။

အထူးသဖြင့် နယ်စပ်ဒေသများ၌ ဒေသစွဲ၊ လူမျိုးစွဲစိတ်ဓာတ်များကြောင့် နိုင်ငံ့လွတ်လပ်ရေးရပြီးသည့်တိုင် စည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ရသည်။ လက်နက်ကိုင် ဆူပူသောင်းကျန်းမှုများ ပေါ်ပေါက်ခဲ့ရသည်။ ဖွံ့ဖြိုးတိုးတက်မှုလည်း များစွာနောက်ကျခဲ့သည်။ ယင်းဖြစ်ရပ်ဆိုး၊ အတွေ့အကြုံအမှားမျိုးများကို သင်ခန်းစာယူကြရပေမည်။

ယနေ့ကာလတွင် နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုတစ်ဝန်း၌ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ လမ်းနှင့်တံတားသည် နိုင်ငံ၏အားဆိုသကဲ့သို့ လမ်းသစ်များဖောက်၍ မြစ်ကူးတံတားသစ်ကြီးများ တည်ဆောက်ပေးထားပြီ။ အနေနီးသော်လည်း တောတောင်မြစ်ချောင်း အတားအဆီးများကြောင့် ခရီးဝေးနေသည့်ဒေသများ တစ်ဆက်တစ်စပ်တည်း သွားလာနိုင်ကြပြီ။ တိုင်းရင်းသားအချင်းချင်း ကူးလူးဆက်သွယ်မှုလွယ်ကူလာသဖြင့် ချစ်ခင်ရင်းနှီး ပေါင်းစည်းမှုအင်အား ခိုင်မာနေပြီ။

တစ်ချိန်သောအခါက ဒေသစွဲ၊ လူမျိုးစွဲ၊ ဝါဒစွဲများကြောင့် မတည်မငြိမ်ဖြစ်ခဲ့ရသောဒေသများသည် ယခုအခါ တည်ငြိမ်အေးချမ်းစည်ပင်နေပြီ။ နယ်စပ်ဒေသ အစွန်အဖျားဒေသများနှင့် နယ်မြေအသီးသီးတွင် ငြိမ်းချမ်းသာယာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများ ဖြစ်ထွန်းနေပြီ။ နယ်စပ်ဒေသများရှိ မြို့များသည်ပင် မြို့ကြီးများနှင့်အပြိုင် ဖွံ့ဖြိုးစည်ပင်လာလျက်ရှိသည်။ ယင်းသို့ရရှိဖြစ်ထွန်းနေသည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတို့ အရှည်တည်တံ့နေစေရေး ဆက်လက်ထိန်းသိမ်းကြရပေဦးမည်။

နယ်စပ်ဒေသဖွံ့ဖြိုးရေးတွင် ဆယ်စုနှစ်ပေါင်းများစွာ အလှမ်းဝေးခဲ့ရသည့် ပညာသင်ကြားရေးလုပ်ငန်းများကို ဦးစားပေး ဖြည့်ဆည်းခဲ့သည်။ ပညာရေးဆိုင်ရာအခြေခံအဆောက်အအုံများ၊ ပညာရေးပတ်ဝန်းကျင်ကောင်းများကို ဖန်တီးတည်ဆောက်ပေးလျက်ရှိရာ နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များ ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ တစ်ပြေးညီဖြစ်ထွန်းရရှိနေကြပေပြီ။

အလားတူ ဆေးရုံ၊ ဆေးပေးခန်း၊ ကျေးလက်ကျန်းမာရေးဌာနများ တိုးမြှင့်တည်ဆောက်ပေးမှုနှင့်အတူ နယ်စပ်ဒေသနေ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုပေးနိုင်နေပြီဖြစ်သည်။

နယ်စပ်ဒေသများ၌ လူမှုစီးပွားအခြေခံကောင်းများ ရရှိစေရန် ၁၉၈၉ ခုနှစ်မှစ၍ ငွေကြေးများစွာသုံးစွဲပြီး တည်ဆောက်မှုလုပ်ငန်းများ လုပ်ဆောင်ခဲ့ပြီ။ ဆက်လက်၍လည်း နယ်စပ်ဒေသနေ ပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးလာစေရေး အားပေးကြရပါမည်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့်အတူ စက်ရုံ၊ အလုပ်ရုံများဖြစ်ထွန်းလာစေရေး မြှင့်တင်သွားကြရပါမည်။ တိုင်းဒေသကြီးများနှင့် ပြည်နယ်များရှိ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပူးပေါင်းအားထုတ်မှုများဖြင့် နယ်စပ်ဒေသများ ဖွံ့ဖြိုးသည်ထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းစွမ်းဆောင်သွားကြရေး တိုက်တွန်းလိုက်ရပေသည်။ ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၃-၆-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၅	၁။ နိုင်ငံတော်သီချင်း
၇း၁၀	၂။ တရားတော်
၇း၁၅	၃။ ဓမ္မပူဇာတေး
၇း၂၀	၄။ မျိုးချစ်တပ်မတော်
၇း၂၅	၅။ မြန်မာ့ရှုခင်း
၇း၃၀	၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၅	၁။ နိုင်ငံတော်သီချင်း
၄း၁၀	၂။ အဖွင့်သီချင်း
၄း၁၅	၃။ မျိုးချစ်တပ်မတော်
၄း၂၀	၄။ မဟာဂီတချိုကြည်မြ
၄း၃၀	၅။ မြန်မာစာ၊ မြန်မာစကား (အပိုင်း-၉)
၄း၃၅	၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၅	၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၅၅	၈။ အိုင်စီတီသုတ
၅း၀၀	၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -ရေအောက်ကမ္ဘာကသက်ရှိ သတ္တဝါများ (အပိုင်း-၁၃)
၆း၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။ အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၃။ “ရွှာ”ဟာသဇာတ်လမ်းတွဲ
၆း၄၅	၁၄။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀	**၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရတနာစံအိမ်(အပိုင်း-၂၈)**
၈း၀၀	၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။ အမျိုးသားရေးတေးကဗျာ
	၁၈။ ဒို့တာဝန်အရေး(၃)ပါး
	၁၉။ နိုင်ငံတကာသတင်း
	၂၀။ မိုးလေဝသသတင်း
	၂၁။ စိုက်ပျိုးသုတ
	၂၂။ သံစဉ်များနှင့်ကမ္ဘာ
	၂၃။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ထာဝရချစ်သူ (အပိုင်း-၁၉)
	၂၆။ ကမ္ဘာတစ်ခွင်ခရီးစဉ်

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဥပဒေအရာရှိများက ဥပဒေကို လေးစားမှ ပြည်သူများက လေးစားမည် ပြည်သူများလေးစားရန် စံနမူနာပြရန်လိုပြီး လာဘ်ပေးလာဘ်ယူမှုများ ရှောင်ရှား

ရန်ကုန် ဇွန် ၂

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်သည် ယနေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး ဥပဒေချုပ်နှင့် တိုင်း/ခရိုင်/ မြို့နယ်ဥပဒေရုံးများမှ ဥပဒေအရာရှိများအား တွေ့ဆုံ၍ နိုင်ငံတော်၏ အရေးကြီးသော အခန်းကဏ္ဍတွင် ဥပဒေအရာရှိများ ပါဝင်ထမ်းဆောင်လျက်ရှိကြောင်း၊ မိမိက ဥပဒေကို လေးစားမှသာ ပြည်သူများကလည်း လေးစားမည်ဖြစ်ပြီး ပြည်သူများ လေးစားရန် စံနမူနာပြရန်လိုကြောင်း၊ တိုင်းဒေသကြီး ဥပဒေချုပ်ရုံးများကောင်းမှ ပြည်ထောင်စုရှေ့နေချုပ်ရုံး ကောင်းမည်ဖြစ်ကြောင်း၊ လာဘ်ပေးလာဘ်ယူမှုများ ဂရုပြုရှောင်ရှားကြရန်လိုကြောင်းဖြင့် မှာကြားခဲ့သည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ကွယ်လွန်သူ ဖခင်ကြီး ဦးခင်မောင်(မြို့နယ်ပညာရေးမှူး-ငြိမ်း) (၁၅)နှစ်ပြည့်အားရည်စူး၍ ရန်ကုန်မြို့ လှိုင်မြို့နယ်နေ ဇနီး ဒေါ်အေးမြင့်နှင့် သားသမီးမြေးမြစ်တစ်စုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)၌ ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးတွင် အသုံးပြုရန် သံဃာတစ်ပါးစာ ခုတင်၊ မွေ့ရာ၊ ဗီရို၊ တစ်စုံအတွက် အလှူငွေကျပ် ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။

(ဇီဝိတဒါန သံဃာ့ဆေးရုံ)

ထိုင်းဘုရင့်တပ်မတော်ရေတပ်ဦးစီးချုပ်နှင့်အဖွဲ့ ပြန်လည်ထွက်ခွာ

နေပြည်တော် ဇွန် ၂

ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်ရေတပ်ဦးစီးချုပ် Admiral Kham-thorn Pumhiran နှင့် ဇနီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁ ရက် နံနက်ပိုင်းတွင် ပုဂံညောင်ဦးမြို့သို့ လေကြောင်းခရီးဖြင့်ရောက်ရှိပြီး ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြကာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။ ထို့နောက် ညပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ထိုင်းဘုရင့်တပ်မတော်ရေတပ်ဦးစီးချုပ်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပထဝီအနေအထားကောင်းကို အသုံးချပြီး အိမ်နီးချင်းနိုင်ငံများသို့ ကုန်သွယ်မှုမြှင့်တင်နိုင်ရေး ဆွေးနွေး

ရန်ကုန် ဇွန် ၂

တာချီလိတ်နယ်စပ် ကုန်သွယ်ရေးစခန်း၏ ၂၀၁၁ ခုနှစ် မေလ ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးကို မေ ၂၈ ရက် နံနက် ၁၀နာရီတွင် မယ်ယန်းကုန်ချကွင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ စခန်းတာဝန်ခံ ဦးသောင်းနိုင်နှင့် One Stop Services အဖွဲ့ဝင်ဌာနတာဝန်ခံများ၊ ကျိုင်းတုံ-တာချီလိတ် နယ်စပ်ကုန်သွယ်ရေး ကုန်သည်အသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ကုန်သည်လုပ်ငန်းရှင်များ၊ ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်ပို့ဆောင်ရေး ယာဉ်လိုင်းတာဝန်ခံများ တက်ရောက်ကြပြီး တာချီလိတ်စခန်း ကွပ်ကဲမှုအောက်ရှိ ဝမ်ပုံဆိပ်ကမ်းမှ တစ်ဆင့် ဖြတ်သန်းကုန်သွယ်မှု (Tran-sit Trade) ပြန်လည်အစပျိုး ဆောင်ရွက်ရေး၊ တာချီလိတ်ဒေသ၏ ပထဝီအနေအထားအရ အခွင့်အလမ်းကောင်းများ အသုံးချပြီး နယ်စပ်တစ်ခုမှ အိမ်နီးချင်းသုံးနိုင်ငံသို့ ကုန်သွယ်နိုင်ရေး၊ ကုန်သည်များ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများ (Business Matching) ပြုလုပ်ပြီး ကုန်သွယ်မှုမြှင့်တင်ရေး ဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒို့ကျေးရွာဂျာနယ် ထွက်ပြီ

ရန်ကုန် ဇွန် ၂

ဒို့ကျေးရွာဂျာနယ် အတွဲ(၈)၊ အမှတ်(၁၁)ကို ဇွန် ၁ ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့ အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆ နှင့် ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

ရွှေတိဂုံစေတီတော်မြတ်ကြီး၌ လှူဒါန်းနိုင်

ရန်ကုန် ဇွန် ၂

ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ရွှေစင်ရွှေသားများအား အလှူရှင်များက လှူဒါန်းနိုင်ရန် ရွှေစင်ရွှေသားဈေးနှုန်းများကို ပြောင်းလဲသတ်မှတ်ထားကြောင်း သိရသည်။ယခုစတင်ပြောင်းလဲသတ်မှတ်ထားသော ရွှေစင်ရွှေသားနှုန်းထားများမှာ ရွှေစင်တစ်ကျပ်သားတစ်ချပ်လျှင် ငွေကျပ် ခြောက်သိန်း၊ ရွှေစင်တစ်ကျပ်ခွဲသားတစ်ချပ်လျှင် ငွေကျပ် ကိုးသိန်း၊ ရွှေစင်သုံးကျပ်သားတစ်ချပ်လျှင် ငွေကျပ် ၁၈သိန်းနှင့် ရွှေစင်ခြောက်ကျပ်သားတစ်ချပ်လျှင် ငွေကျပ် ၃၆ သိန်းနှုန်းထားဖြင့် ကုသိုလ်တော် ပါဝင်လှူဒါန်းနိုင်ပြီး ရွှေပြားများတွင် အလှူရှင်များ၏ အမည်ကမ္ပည်းများကိုလည်း ရေးထိုးပေးကြောင်း သိရသည်။

(ကိုကြီးသာ)

စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

ရန်ကုန် ဇွန် ၂

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်စာအုပ်အသင်းက ၂၀၀၈ ခုနှစ် စာပေဗိမာန်စာမူဆု သုတပဒေသာ(သိပ္ပံနှင့်အသုံးချသိပ္ပံ)ဘာသာရပ် (ဒုတိယဆုရ)၊ ဒေါက်တာအေးကျော် (ဆေးသုတေသန) ရေးသားသည့် “ဂလိုဘယ်ဇီဝဆေးသိပ္ပံနှင့် မြန်မာ့ဆေးသုတေသနရေစီးကြောင်း” စာအုပ်ကို စာအုပ်အသင်း၏ (၇၂)အုပ်မြောက် စာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်း ဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိမိတို့အနေဖြင့် ဒီမိုကရေစီစနစ်ရင့်ကျက်ရှင်သန်လာအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်

မိမိတို့နှစ်နိုင်ငံအကြား ဆက်ဆံရေးတိုးတက်ရန်အရေးကြီး၊ နှစ်နိုင်ငံအကြား တွေ့ဆုံဆွေးနွေးမှုများ ဆက်လက်ရှိနေမည်ဟု မျှော်လင့်

အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် မစ္စတာ ဂျွန်မက်ကိန်း

နေပြည်တော် ဇွန် ၂

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်သည် မြန်မာနိုင်ငံသို့ရောက်ရှိနေသော အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် မစ္စတာ ဂျွန်မက်ကိန်းနှင့်အဖွဲ့အား ယမန်နေ့မွန်းလွဲပိုင်းက နေပြည်တော် လွှတ်တော်အဆောက်အအုံရှိ ဇမ္ဗူသီရိအစည်းအဝေးခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်က မြန်မာနိုင်ငံသည် ပါလီမန်ဒီမိုကရေစီစနစ်ကျင့်သုံးမှုဆိုင်ရာ အတွေ့အကြုံနုနယ်သေးသည့်အတွက် အဆွေတော်အနေဖြင့် ပါလီမန်ဒီမိုကရေစီဆိုင်ရာ အတွေ့အကြုံများကို မျှဝေပေးစေလိုပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ၎င်းလွှတ်တော်နှစ်ရပ်ပေါင်းထားသည့် ပြည်ထောင်စုလွှတ်တော်ဟူ၍ရှိပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်သည် Congress နှင့် တူညီပြီး အမြင့်ဆုံးအာဏာဖြစ်သည့် ဥပဒေပြုအာဏာကို ကျင့်သုံးရသော အဖွဲ့အစည်းဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်တွင် ကျားမအစုံ၊ တိုင်းရင်းသားပေါင်းစုံ၊ ဒေသပေါင်းစုံ၊ ယုံကြည်ကိုးကွယ်မှုပေါင်းစုံ ပူးပေါင်းပါဝင်ပြီး နိုင်ငံရေးပါတီ ၁၅ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ပါကြောင်း၊ ယခုတွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်သည့် ပုဂ္ဂိုလ်များတွင် နိုင်ငံရေးပါတီ ၁၅ ပါတီလုံးမှ ကိုယ်စားလှယ်များနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များ စုံညီစွာ ပါဝင်ပါကြောင်း၊ ပထမအကြိမ် လွှတ်တော်အစည်းအဝေးများ ကျင်းပစဉ်က လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းပေါင်း ၁၀၆ ခုနှင့် အဆိုပြုတင်ပြချက် ၄၅ ခုကို မေးမြန်းတင်သွင်းခဲ့ကြကြောင်း၊ လွှတ်တော်နှစ်ရပ်လုံးတွင် အမြဲတမ်းကော်မတီ (၄)ရပ်စီရှိပြီး ပြည်ထောင်စုလွှတ်တော်တွင် ပူးပေါင်းကော်မတီ (၂)ရပ်ရှိပါကြောင်း၊ ယခုဆွေးနွေးပွဲတက်ရောက်ကြသူများတွင် အဆိုပါကော်မတီများမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ ပါဝင်ပါကြောင်း၊ ပါလီမန်ဒီမိုကရေစီစနစ်၏ ထုံးစံအတိုင်း မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်းများကို လွတ်လပ်စွာပြုလုပ်လေ့ရှိကြရာ ယခုတက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မေးမြန်းရန်ရှိက မေးမြန်းနိုင်ပါကြောင်းနှင့် အဆွေတော်မှလည်း မေးမြန်းလိုသည်များရှိက တိုက်ရိုက်မေးမြန်းနိုင်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒေါက်တာအေးမောင်၊ ဒေါက်တာမြတ်ဉာဏစိုး၊ ဦးညွန့်တင်နှင့် ဒေါ်နန်းဝါနုတို့က သိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် မစ္စတာ ဂျွန်မက်ကိန်းက ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခွင့်ရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ အဆွေတော်တို့သည် နိုင်ငံနှင့်ပြည်သူတို့အတွက် ကြီးလေးသည့်တာဝန်များကို ထမ်းဆောင်နေကြရသည့်အတွက် ဂုဏ်ပြုပါကြောင်း၊ မိမိတွင် ရွေးကောက်ပွဲဆိုင်ရာ အတွေ့အကြုံများစွာရှိခဲ့သည့်နည်းတူ ရွေးကောက်ပွဲရှုံးနိမ့်ခဲ့သော အတွေ့အကြုံလည်းရှိပါကြောင်း၊ မိမိ၏ အတွေ့အကြုံအရ တင်ပြရလျှင် လွှတ်တော်ကိုယ်စားလှယ်များသည် မိမိ၏ မဲဆန္ဒရှင်ပြည်သူများနှင့် နီးနီးကပ်ကပ် ထိတွေ့ဆက်ဆံနေထိုင်သင့်ပါကြောင်း၊ သို့မှသာ ပြည်သူများ၏ ဘဝ၊ ဆန္ဒနှင့် သဘောထားများကို ကိုယ်စားပြုပြီး ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား ဆက်ဆံရေးတိုးတက်ရန် အရေးကြီးပါကြောင်း၊ နှစ်နိုင်ငံအကြား တွေ့ဆုံဆွေးနွေးမှုများ ဆက်လက်ရှိနေမည်ဟု မျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အရေးကိစ္စများအားလုံး အောင်မြင်ပါစေဟု ဆန္ဒပြုပါကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

ထို့နောက် ဦးခင်အောင်မြင့်က နှစ်နိုင်ငံဥပဒေပြုအဖွဲ့များအကြား အပြန်အလှန်လည်ပတ်ခြင်းသည် ကောင်းမွန်အကျိုးရှိစေပါကြောင်း၊ အမေရိကန်နိုင်ငံမှ အထက်လွှတ်တော်အမတ်များ လာရောက်ရန်ဖိတ်ခေါ်ပါကြောင်း၊ မြန်မာနိုင်ငံမှ လွှတ်တော်ကိုယ်စားလှယ်များသည်လည်း လွှတ်တော်အစည်းအဝေးများ ရပ်နားချိန်တွင် မိမိတို့မဲဆန္ဒနယ်များသို့ ပြန်ပြီးထိတွေ့ကာ လူထု၏ သဘောဆန္ဒကို နားထောင်ပါကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီစနစ်ရင့်ကျက်ရှင်သန်လာအောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် မစ္စတာ ဂျွန်မက်ကိန်းအား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နယ်စပ်ဒေသများတွင် အကူအညီများ တိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဇွန် ၂

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Christoph Burgener သည် ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး Swiss Agency for Development and Cooperation မှ နယ်စပ်ဒေသများတွင် လူသားချင်းစာနာမှု အကူအညီများ တိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များနှင့် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့ စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်း ဌေး အား ပြည် ထောင် စု သမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံ အမတ် ကြီး H.E. Mr. Christoph Burgener လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂-၆-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၂၉၀၀	၀. ၀၃၃၃၀၁
တရုတ် (ယွမ်)	၆. ၄၈၃၈၀	၀. ၁၅၄၂၃
အိန္ဒိယ (ရူပီး)	၄၄. ၈၂၀၀	၀. ၀၂၂၃၁
မလေးရှား (ရင်းဂစ်)	၃. ၀၁၅၀၀	၀. ၃၃၁၆၇
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၄၇၆	၀. ၈၀၉၈၈
ဂျပန် (ယန်း)	၈၀. ၇၆၉၃	၀. ၀၁၂၃၈
တောင်ကိုရီးယား(ဝမ်)	၁၀၇၈. ၂၄	၀. ၀၀၀၉၃
ယူရို	၀. ၆၉၁၈၀	၁. ၄၄၅၅၁
ဗြိတိသျှ (ပေါင်)	၀. ၆၁၁၁၀	၁. ၆၃၆၃၉

အင်တာနက်။

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး

သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ယခုအခါ မြန်မာနိုင်ငံတွင် တိုးတက်ပြောင်းလဲမှုများစွာ ဖြစ်ပေါ်နေလျက်ရှိ ဥပဒေပြုရေးအာဏာ၊ တရားစီရင်ရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာတို့ကို ခွဲဝေကျင့်သုံးလျက်ရှိ၊ ဤသို့သော အပြောင်းအလဲများကို အသိအမှတ်ပြုပြီး အားပေးကူညီသင့်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း

ယခုအချိန်သည် မိမိတို့နှစ်နိုင်ငံအကြား ဆွေးနွေးမှုစတင်နိုင်မည့် အချိန်ကောင်းဟုယုံကြည် မြန်မာနိုင်ငံတွင် အပြောင်းအလဲများကို မိမိမြင်တွေ့နေရ

အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် မစ္စတာ ဂျွန်မက်ကိန်း

နေပြည်တော် ဇွန် ၂

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံသို့ ရောက်ရှိနေသော အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် မစ္စတာ ဂျွန်မက်ကိန်းနှင့်အဖွဲ့အား ယမန်နေ့ မွန်းလွဲပိုင်းက နေပြည်တော် လွှတ်တော်အဆောက်အအုံရှိ ပြည်သူ့လွှတ်တော်ကော်မတီ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဆွေတော်နှင့်အဖွဲ့အား လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ အဆွေတော်ထံမှ ရှုမြင်သုံးသပ်ချက်များကို ကြားသိလိုပါသဖြင့် အဆွေတော်မှ စတင်ဆွေးနွေးပါရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားသည်။

မစ္စတာ ဂျွန်မက်ကိန်းက ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခွင့်ရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ကြသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူများနှင့် တစ်သားတည်းရှိရန် အရေးကြီးသည်ဟု အကြံပြုလိုပါကြောင်း၊ ယခုအချိန်သည် မိမိတို့နှစ်နိုင်ငံအကြား ဆွေးနွေးမှုစတင်နိုင်မည့် အချိန်ကောင်းဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံတွင် အပြောင်းအလဲများကို မိမိမြင်တွေ့နေရပါကြောင်း၊ ယခု မိမိနှင့် မြန်မာနိုင်ငံမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးခွင့်ရခြင်းသည်ပင်လျှင် ထင်ရှားသည့် အပြောင်းအလဲ သာဓကတစ်ရပ်ဖြစ်ပါကြောင်း၊ ရှေ့ဆက်၍လည်း တိုးတက်ပြောင်းလဲမည်ဟု ယုံကြည်ပါကြောင်း၊ ယခုလို အသွင်ပြောင်းလဲသည့်ကာလတွင် လုပ်ငန်းများ အောင်မြင်ပါစေရန် ဆန္ဒပြုပါကြောင်း၊ ထိုင်းနိုင်ငံရှိ မြန်မာဒုက္ခသည်များကိစ္စရပ်နှင့် စပ်လျဉ်း၍ အခက်အခဲရှိမည်ကို နားလည်သော်လည်း တစ်ချိန်ချိန်တွင် ယင်းဒုက္ခသည်များအနေဖြင့် နေရပ်ဒေသသို့ ပြန်လာနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် မစ္စတာ ဂျွန်မက်ကိန်းအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယင်းနောက် သူရဦးရွှေမန်းက အဆွေတော်အနေဖြင့် မြန်မာနိုင်ငံ ပြည်သူများအကျိုးကို သယ်ဆောင်လာမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံတွင် တိုးတက်ပြောင်းလဲမှုများစွာ ဖြစ်ပေါ်နေလျက်ရှိပါကြောင်း၊ ဥပဒေပြုရေးအာဏာ၊ တရားစီရင်ရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာတို့ကို ခွဲဝေကျင့်သုံးလျက်ရှိပါကြောင်း၊ အဆွေတော်တို့အနေဖြင့် ဤသို့သော အပြောင်းအလဲများကို အသိအမှတ်ပြုပြီး အားပေးကူညီသင့်ပါကြောင်း၊ လွှတ်တော်တွင်း၌ ပါတီစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲမထားဘဲ ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ပြောင်းလဲရေး၊ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရရှိရေးတို့မှာ လွှတ်တော်၌ တာဝန်ရှိသည်ဟု ခံယူလျက် ပြည်သူ့အကျိုးကို ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နယ်စပ်ဒေသရှိ ဒုက္ခသည်များကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက အထူးစိတ်ဝင်စားပြီး စဉ်းစားဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှေ့ဆက်၍ နှစ်နိုင်ငံအကြား လွှတ်တော်အချင်းချင်းဆက်ဆံရေးနှင့် ပြည်သူအချင်းချင်း ဆက်ဆံရေးကို အလေးထားဆောင်ရွက်သင့်ပါကြောင်း၊ မြန်မာပြည်သူများအား ထိခိုက်နစ်နာစေသည့် ဆောင်ရွက်ချက်များရှိပါက အဆွေတော်တို့ဘက်မှ ပြန်လည်စဉ်းစားသုံးသပ်ပေးစေလိုပါကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့သည်။ (သတင်းစဉ်)

အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာဝန်ကြီးအဆင့်နှင့် အဆင့်မြင့်အရာရှိကြီးများအဆင့်အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေး ဆွေးနွေး

နေပြည်တော် ဇွန် ၂

(၁၁)ကြိမ်မြောက် အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးနှင့် (၁၂)ကြိမ်မြောက် အာဆီယံ ကြေးနန်းဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေး၏ အစည်းအဝေးကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက အဖွင့်အမှာစကား ပြောကြားသည်။**(အပေါ်ယာပုံ)**

ထို့နောက် အစည်းအဝေးကျင်းပရေး ဦးစီးကော်မတီအတွင်းရေးမှူး ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တက်ရောက်လာကြသော ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာ ကဏ္ဍများအလိုက် တာဝန်ယူဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက ယခုကျင်းပမည့် အစည်းအဝေးကြီးကို နိုင်ငံတကာအဆင့်မီ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ လစ်ဟာမှုမရှိအောင် အထူးဂရုပြုဆောင်ရွက်ပေးသွားကြရန်နှင့် မိမိတို့တာဝန်ယူထားသည့် ကဏ္ဍများအလိုက် ကြိုတင်ဆောင်ရွက်ထားရှိရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့၌ ပင်မဓာတ်အားခွဲရုံများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် မေ ၃၀ ရက် ညနေ ၃ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ၂၃၀ ကေဗွီ ကမာနတ် ပင်မဓာတ်အားခွဲရုံ Control Room အတွင်း ဓာတ်အားလက်ခံရရှိမှု၊ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးမှု၊ ဓာတ်အား ထိန်းချုပ်ကွပ်ကဲမှုနှင့် Fault Record Panel တပ်ဆင်ထားရှိမှု၊ Switch Yard အတွင်း ဓာတ်အားလက်ခံရရှိမှုနှင့် ဓာတ်အားပို့လွှတ်မှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ညနေ ၅ နာရီတွင် တောင်ငူခရိုင် ကျောက်တံခါးမြို့နယ် ၂၃၀ ကေဗွီ သာယာကုန်းပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး Switch Yard အတွင်း ဓာတ်အားလက်ခံရရှိမှုနှင့် ဓာတ်အားဖြန့်ဖြူးမှု အခြေအနေနှင့် ဓာတ်အားခွဲရုံအတွင်း ၂၃၀ ကေဗွီ၊ (20) Megga Var Shunt Reactor တပ်ဆင်ဆောင်ရွက်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် မစ္စတာ လီယွန်ချောင်နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် မစ္စတာ လီယွန်ချောင်နှင့်အဖွဲ့အား နေပြည်တော် လွှတ်တော်အဆောက်အအုံရှိ ဇမ္ဗူသီရိ ညှိနှိုင်းခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇွန် ၂

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် မစ္စတာ လီယွန်ချောင်နှင့် အဖွဲ့အား ယနေ့ ညနေ ၄ နာရီ မိနစ် ၄၀ တွင် နေပြည်တော် လွှတ်တော် အဆောက်အအုံရှိ ဇမ္ဗူသီရိ ညှိနှိုင်းခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့ လက်ခံတွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် မစ္စတာ လီယွန်ချောင်နှင့် အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာလည်း တက်ရောက်သည်။ (သတင်းစဉ်)

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ပဲခူးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့၌ ကျင်းပ

နေပြည်တော် ဇွန် ၂

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းသည် မေ ၃၁ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့တော်ခန်းမ၌ ကျင်းပသော ၂၀၁၁ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်ဦးက ကျန်းမာရေးဝန်ကြီးဌာန

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်း ပဲခူးမြို့ ဉသျှောင်မြို့သစ် အမှတ် (၅) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့သော ၂၀၁၁ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ် သဝဏ်လွှာကို ဖတ်ကြားပြီး စိတ်ရောဂါအထူးကု ဆရာဝန်ကြီး ဒေါက်တာနွဲ့နွဲ့အေးက ဆေးရွက်ကြီးအန္တရာယ်အကြောင်းကို လည်းကောင်း၊ ဒုတိယတိုင်းဒေသကြီး ဥပဒေအရာရှိ ဦးလှဝေက ဆေးလိပ်နှင့် ဆေးရွက်ကြီး ဥပဒေအကြောင်းကို လည်းကောင်း ပြောကြားကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်ပြခန်းငယ်ကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပဲခူးမြို့ ဉသျှောင်မြို့သစ် ရပ်ကွက်ကြီး(၅)၊ (၁၉)ရပ်ကွက်ရှိ အမှတ်(၅) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်ပြီး မြန်စတား(အထည်ချုပ်) ကုမ္ပဏီက လှူဒါန်းသည့် စက်ရေတွင်းတူးဖော်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မေ ၃၀ ရက် မွန်းလွဲပိုင်းတွင် ပဲခူးမြို့ပေါ်ရှိ ရုံးကြီးရပ်ကွက် ဆေးရုံရှေ့လမ်း၊ ကျုံးရိုးလမ်း၊ ပန်းလှိုင်ရပ်ကွက် အထက(၃)ဘေး ရေနုတ်မြောင်း တူးဖော်ပြီးစီးမှု၊ ပုဏ္ဏားစုရပ်ကွက် လိပ်ပြာကန်ဘေးနှင့် ရှင်စောပုရပ်ကွက်၊ ရွှေအောင်ရွှေးရပ်ကွက်၊ နန်းတော်ရာ၊ ကျောက်ကြီးစုရပ်ကွက် မြို့ပတ်ကျုံးများတွင် ရေနုတ်မြောင်းများအား စက်ယန္တရားကြီးများနှင့် တူးဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အလားတူ ၂၀၁၁ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို မေ ၃၁ ရက် ညနေ ၃ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးခင်ဇော်က အမှာစကားပြောကြားသည်။

သဝဏ်လွှာဖတ်ကြား

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ၂၀၁၁ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို တိုင်းဒေသကြီး ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းဆွေက ဖတ်ကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးခင်ဇော်နှင့် အဖွဲ့ဝင်များသည် ၂၀၁၁ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ (၆၇)ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေး ကျင်းပ

နေပြည်တော် ဇွန် ၂

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ (၆၇)ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံကြက်ခြေနီ အသင်းဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ဗဟိုကောင်စီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကြက်ခြေနီ တပ်ဖွဲ့မှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့မှ ဦးစီးမှူး (ပထမတန်း) များ၊ မြန်မာနိုင်ငံကြက်ခြေနီ အသင်း ဌာနချုပ်ဌာနမှူးများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွင့်မိန့်ခွန်း ပြောကြားကာ အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဒသမအကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ ညီလာခံကို ၂၀၁၁ ခုနှစ် ဇွန် ၃ ရက် (သောကြာနေ့)တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

ကမ္ဘာ့သွေးလှူရှင်များနေ့ ကြိုဆိုဂုဏ်ပြု စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဇွန် ၂

ကမ္ဘာ့သွေးလှူရှင်များနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန် အနောက်ပိုင်းခရိုင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင် အင်အား ၄၀ တို့သည် ယနေ့ နံနက် ၉ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်(၅၀၀)၌ စုပေါင်းသွေးလှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)**

(သတင်းစဉ်)

အမှိုက်ကန်အသစ်များ တိုးချဲ့ဆောက်လုပ်မည်

ရန်ကုန် ဇွန် ၂

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်ဖြစ်သော မြောက်ဥက္ကလာပ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဗဟန်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကင်း၊ ဒေါပုံ၊ ပုဇွန်တောင်၊ သာကေတ၊ ကမာရွတ်၊ ရွှေပြည်သာနှင့် မင်္ဂလာဒုံမြို့နယ်များတွင် နေထိုင်သော ပြည်သူများ၏ အိမ်သုံးအမှိုက် စွန့်ပစ်ရာတွင် အခက်အခဲမရှိ ပိုမိုလွယ်ကူစွာ အမှိုက်များ စွန့်ပစ်နိုင်ရန် သတ်မှတ်နေရာများတွင် အမှိုက်ကန်အသစ် ၄၀ ကို တိုးချဲ့ဆောက်လုပ်ပေးသွားမည်ဖြစ်သည်။ အသစ်တည်ဆောက်မည့် အမှိုက်ကန်အရွယ်အစားမှာ အလျား ၁၀ပေ၊ အနံ ခုနစ်ပေ၊ အမြင့် ငါး ပေဖြစ်ကာ အုတ်ဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ပြောကြားကြောင်း သိရသည်။ လက်ရှိအသုံးပြုလျက်ရှိသော အမှိုက်ကန် ၇၃ ကန်ကိုလည်း ပြန်လည်ပြုပြင်ဆောင်ရွက်မည်ဖြစ်ကြောင်းလည်း သိရသည်။ (ဝင်းဝင်းမော်-သတင်းစဉ်)

အမေရိကန်နိုင်ငံနှင့် တန်းတူရည်တူရှိမှုနှင့် အပြန်အလှန်လေးစားမှုကို အခြေခံသည့် နှစ်နိုင်ငံဆက်ဆံရေးကို ထူထောင်လို၊ နှစ်နိုင်ငံအကြားနားလည်မှု လွဲမှားနေသည်များကို ပယ်ဖျက်၍ နှစ်ဖက်ယုံကြည်မှု တည်ဆောက်ကြရမည်ဖြစ်၊ အမေရိကန်နိုင်ငံ၏ တိုက်ရိုက်ထိတွေ့ဆက်ဆံရေးမူဝါဒကို ကြိုဆို

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်

မြန်မာနိုင်ငံသည် အနာဂတ်တွင် အဘက်ဘက်၌ ယခုထက်ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်၊ မိမိတို့အနေဖြင့် အနာဂတ်တွင် ဆက်လက်တွေ့ဆုံဆွေးနွေးသွားမည်

အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် မစ္စတာ ဂျွန်မက်ကိန်း

နေပြည်တော် ဇွန် ၂

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် မြန်မာနိုင်ငံသို့ ရောက်ရှိနေသော အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် မစ္စတာ ဂျွန်မက်ကိန်းနှင့်အဖွဲ့အား ယမန်နေ့ နေ့လယ်ပိုင်းက နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် မစ္စတာ ဂျွန်မက်ကိန်းနှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က မိမိတို့အနေဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်ကို အခြေခံလျက် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကို ဆက်လက်ကျင့်သုံး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့သည် ကမ္ဘာ့နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများဖြစ်သည့် ကုလသမဂ္ဂ၊ အာဆီယံနှင့် ဘင်းမ်စတက်တို့နှင့်လည်း ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် အမေရိကန်နိုင်ငံနှင့် တန်းတူရည်တူရှိမှုနှင့် အပြန်အလှန်လေးစားမှုကို အခြေခံသည့် နှစ်နိုင်ငံဆက်ဆံရေးကို ထူထောင်လိုပါကြောင်း၊ သို့အတွက် နှစ်နိုင်ငံအကြားနားလည်မှုလွဲမှားနေသည်များကို ပယ်ဖျက်၍ နှစ်ဖက်ယုံကြည်မှု တည်ဆောက်ကြရမည်ဖြစ်ကြောင်းနှင့် အမေရိကန်နိုင်ငံ၏ တိုက်ရိုက်ထိတွေ့ဆက်ဆံရေးမူဝါဒကို ကြိုဆိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မစ္စတာ ဂျွန်မက်ကိန်းက နိုင်ငံရေးအကျဉ်းသားများကိစ္စကို မေးမြန်းရာ ဦးဝဏ္ဏမောင်လွင်က မိမိတို့နိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားများမရှိကြောင်း အစဉ်တစိုက် ကြေညာပြောကြားခဲ့ပြီး ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ အကျဉ်းထောင်များတွင် ပြစ်ဒဏ်ကျခံနေရသူများမှာ နိုင်ငံတော်၏ ဥပဒေကို ချိုးဖောက်ကျူးလွန်သူများသာ ဖြစ်ပါကြောင်း၊ အဆိုပါ အကျဉ်းသားများအနက် အချို့မှာ နိုင်ငံရေးပါတီများနှင့် ဆက်နွယ်နေခြင်းမျိုးရှိနိုင်သော်လည်း ၎င်းတို့ အရေးယူခံရခြင်းမှာ နိုင်ငံရေးပါတီဝင်ဖြစ်ခြင်းကြောင့်မဟုတ်ကြောင်း၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုကို ထိပါးသည့် မည်သူ့ကိုမဆို တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းမှုအတွက် ဒီမိုကရေစီနည်းလမ်းတကျ ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို တည်ငြိမ်အေးချမ်းစွာ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် မစ္စတာ ဂျွန်မက်ကိန်းက ဒေါ်အောင်ဆန်းစုကြည်နှင့် ပတ်သက်၍ အဆွေတော်၏သဘောထားကို သိလိုပါကြောင်းဖြင့် မေးမြန်းရာ ဦးဝဏ္ဏမောင်လွင်က ဒေါ်အောင်ဆန်းစုကြည်သည် ယခုအခါ သာမန်ပြည်သူ တစ်ဦးကဲ့သို့ပင် လှုပ်ရှားသွားလာခွင့်ရှိပါကြောင်း၊ သံတမန်များအပါအဝင် သူမ တွေ့ဆုံလိုသည့်ပုဂ္ဂိုလ်များနှင့် လွတ်လွတ်လပ်လပ်တွေ့ဆုံနေပါကြောင်း၊ မြန်မာနိုင်ငံသားမှန်လျှင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်ခံအသိအမှတ်ပြုရမည်ဖြစ်ပြီး ပြည်သူများအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ ပါတီတစ်ခုချင်းစီအလိုက်ဖြစ်စေ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်လိုပါက ရွေးကောက်ပွဲတွင် ပါဝင်အရွေးခံပြီး ဆောင်ရွက်နိုင်ပါကြောင်း၊ လွှတ်တော်သည်သာ နိုင်ငံ၏အနာဂတ်အရေးအတွက် ဆွေးနွေးရန် အသင့်လျော်ဆုံးနေရာဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မစ္စတာ ဂျွန်မက်ကိန်းက မြန်မာနိုင်ငံသည် အနာဂတ်တွင် အဘက်ဘက်၌ ယခုထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့အနေဖြင့် အနာဂတ်တွင် ဆက်လက်တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးပိုမိုတိုးတက်လာမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ပြန်လည်ဆွေးနွေးပြောကြားခဲ့သည်။ (သတင်းစဉ်)

နိုင်ငံတကာရုပ်ရှင် အနုပညာရုပ်ဝန်း

အေဝမ်းစိုး

နိုင်ငံတကာ မှတ်တမ်းရုပ်ရှင်ပွဲတော် ဗီယက်နမ်တွင် ကျင်းပမည်

တတိယအကြိမ်မြောက် နိုင်ငံတကာ မှတ်တမ်း ရုပ်ရှင်ပွဲတော်ကို ဗီယက်နမ်နိုင်ငံမြို့တော်ဟနွိုင်းတွင် ဇွန် ၈ ရက်မှ ၁၄ရက်အထိလည်းကောင်း၊ ဗီယက်နမ်နိုင်ငံတောင်ပိုင်း ဟိုချီမင်းမြို့တွင် ဇွန် ၆ ရက်မှ ၁၃ ရက်အထိလည်းကောင်း ကျင်းပမည်ဖြစ်ရာ အီတလီ၊ ပြင်သစ်၊ ဂျာမနီ၊ ပိုလန်၊ ဒိန်းမတ်၊ ဆွစ်ဇာလန်၊ ဘယ်လ်ဂျီယံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ရုပ်ရှင်ဒါရိုက်တာများ၊ ရုပ်ရှင်လုပ်ငန်းနှင့် ပတ်သက်ဆက်စပ်သည့် စီးပွားရေးလုပ်ငန်းရှင်များကို အထူးဆွဲဆောင်လျက်ရှိကြောင်း ပွဲတော်ကျင်းပရေးတာဝန်ရှိသူများက ဗုဒ္ဓဟူးနေ့တွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ထုတ်ပြန်ကြေညာသည်။

ဤရုပ်ရှင်ပွဲတော်သည် ဗီယက်နမ်ရုပ်ရှင်ဒါရိုက်တာများကို ပြည်ပရုပ်ရှင်ဒါရိုက်တာများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် အတွေ့အကြုံများ ဖလှယ်ခွင့်ရရှိမည့် အခွင့်အရေးတစ်ခုဖြစ်သကဲ့သို့ ဗီယက်နမ်ရုပ်ရှင်ချစ်ပရိသတ်များ အနေဖြင့်လည်း ပြည်ပရုပ်ရှင်ကားများ၏ ခြားနားသည့် အသွင်သဏ္ဌာန်ကို လေ့လာကြည့်ရှုခွင့် ရမည်ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံသိပ္ပံနှင့် မှတ်တမ်းရုပ်ရှင်ဗဟိုဌာနဥက္ကဋ္ဌ ငုယင်သီတူရက်က ပြောကြားသည်။

ဟန္နွိုင်းမြို့နှင့် ဟိုချီမင်းမြို့တို့တွင် တစ်ပြိုင်တည်း ကျင်းပမည့် ဤရုပ်ရှင်ပွဲတော်သည် ယခင်ကျင်းပခဲ့သည့် နှစ်ကြိမ်ထက် ပိုမိုအောင်မြင်မှုရရှိမည်ဖြစ်ကြောင်း Wallonie-Brussels Group(ဘယ်လ်ဂျီယံ)ဥက္ကဋ္ဌ ဖရန့်ပီဇာက ပြောကြားသည်။ ဤရုပ်ရှင်ပွဲတော်တွင် ဥရောပသမဂ္ဂ၏ နိုင်ငံတကာယဉ်ကျေးမှု သိပ္ပံဆိုင်ရာလှုပ်ရှားမှု တစ်စိတ်တစ်ပိုင်းကိုလည်း ဟန္နွိုင်းမြို့၌ ကျင်းပသွားမည်ဖြစ်သည်။ **အင်တာနက်။**

ဟောလိဝုဒ်စုံတွဲသစ်အဖြစ် မြင်ရဖွယ်ရှိသည့် လီယိုနာဒိုနှင့် ဘလိတ်ခ်

တိုက်တန်းနစ်မင်းသားအဖြစ် နာမည်ကျော်လူသိများသည့် ဟောလိဝုဒ်မင်းသား လီယိုနာဒိုသည် ဟောလိဝုဒ် မင်းသမီးချော ဘလိတ်ခ်လိုက်ဘလီနှင့် မကြာသေးမီက အီတလီခရီးစဉ်အတွင်း တွဲသွားတွဲလာလုပ်နေသည်ဟုသတင်းများတွင် ဖော်ပြသည်။

လီယိုနာဒိုနှင့် ဘလိတ်ခ်

လွန်ခဲ့သည့်လအတွင်းက ကျင်းပခဲ့သည့် ကန်းရုပ်ရှင်ပွဲတော်တွင်လည်း ၎င်းတို့နှစ်ဦး အတူတကွရှိနေသည့် ဓာတ်ပုံများ အင်တာနက်စာမျက်နှာပေါ်သို့ အများအပြားရောက်ရှိလာခဲ့သည်။

သတင်းတစ်ပုဒ်၏ အဆိုအရ လီယိုနာဒိုသည် ၎င်းသူငယ်ချင်းများ၏ ပျော်ရွှင်သော မိသားစုဘဝကို မြင်တွေ့ပြီးကတည်းက ကိုယ်ပိုင်မိသားစုဘဝလေးတစ်ခုတည်ဆောက်ရန် အလိုရှိနေသည်ဟု ဆိုသည်။ သို့သော်လည်း လီယိုနာဒိုနှင့် ယခင်က တွဲခဲ့သူ စူပါမော်ဒယ်လ် ဘာရာဖေးလီက အိမ်ထောင်ပြုရန် အဆင်သင့်မဖြစ်သေးဟုဆိုသည်။

ယခုတစ်ဖန် လီယိုနာဒိုနှင့်ဘလိတ်ခ်လိုက်ဘလီတို့၏ ချစ်လမ်းခရီးသည်လည်း မည်သည့်အတိုင်းအတာထိ ဖြောင့်ဖြူးမည်ဆိုသည်ကို စောင့်ကြည့်ရဦးမည်ဖြစ်သည်။ **အင်တာနက်။**

ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လျှပ်စစ်စီမံကိန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေး

နေပြည်တော် ဇွန် ၂

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Huaneng Group President , Mr.Cao Peixi နှင့် Vice President များဖြစ်ကြသည့် Mr.Ma Jing နှင့် Mr.Sun Zhiyong တို့သည် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ ယနေ့ နံနက်ပိုင်းတွင် လာရောက်တွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်နေသည့် လျှပ်စစ်စီမံကိန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

သာစည်မြို့နယ် သစ်တောဦးစီးဌာနမှ ကျေးရွာအိမ်ထောင်စုများအတွက် ထင်းတန် ၁၀၀ ဝေငှပေး

နေပြည်တော် ဇွန် ၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျွဲတပ်ဆုံ ကျေးရွာအနီး၌ သာစည်မြို့နယ် သစ်တောဦးစီးဌာနနှင့် ကျေးရွာပြည်သူများ ပူးပေါင်း၍ စိုက်ပျိုးခဲ့သော ကျေးရွာသုံးစိုက်ခင်းဧက ၃၀ မှ ထွက်ရှိသည့် ထင်းတန် ၁၀၀ ကို သာစည်မြို့နယ် သစ်တောဦးစီးဌာနက မေ ၂၈ ရက်တွင် ကျွဲတပ်ဆုံကျေးရွာရှိ အိမ်ထောင်စု ၃၀၀ တို့အား ပထမအကြိမ် ဝေငှပေးခဲ့သည်။

မိတ္ထီလာခရိုင် သစ်တောဦးစီးဌာနသည် ဒေသခံကျေးလက်ပြည်သူများ၏ ထင်းလိုအပ်ချက်ကို လွယ်ကူစွာ ဖြည့်ဆည်းပေးနိုင်ရန်အတွက် ၂၀၁၁ ခုနှစ် မိုးရာသီတွင် ပျိုးပင်ပေါင်း ၁၇၀၀၀၀ ကို မိတ္ထီလာခရိုင်အတွင်းရှိ မြို့နယ်များသို့ ဖြန့်ဝေ၍ ကျေးလက်ပြည်သူများနှင့် ပူးပေါင်းစိုက်ပျိုးသွားမည်ဖြစ်သည်။

သစ်တောဦးစီးဌာနအနေဖြင့် ယခုကဲ့သို့ ဒေသခံကျေးလက်ပြည်သူများ၏ လိုအပ်ချက်ဖြစ်သည့် ထင်း၊ တိုင်၊ မျောများကို မကြာခဏဖြည့်ဆည်းပေးမှုကြောင့် သဘာဝတောများမှ ထုတ်ယူသုံးစွဲမှုလျော့ပါးပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတွင်လည်း အထောက်အကူပြုလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

နှစ်နှစ်အတွင်း အီရန်ကိုတိုက်ခိုက်မည့် အစီအစဉ်မရှိဟု အစ္စရေးထောက်လှမ်းရေးအဖွဲ့ အကြီးအကဲဟောင်း ပြောကြား

အစ္စရေးထောက်လှမ်းရေး အကြီးအကဲဟောင်း မီရာဒါဂင်။ (ဓာတ်ပုံ-အင်တာနက်)

ဂျေရုဆလင် ဇွန် ၂

နောင်လာမည့် နှစ်နှစ်တာကာလအတွင်း အစ္စရေးစစ်ဘက်သည် အီရန်နိုင်ငံကို တိုက်ခိုက်မည့်အစီအစဉ် မရှိသေးကြောင်း မကြာသေးမီကာလက တာဝန်မှ အငြိမ်းစားယူသွားသော အစ္စရေးမော့ဆက်ထောက်လှမ်းရေးအဖွဲ့ အကြီးအကဲဟောင်း မီရာဒါဂင်က ဇွန် ၁ ရက်တွင် ပြောကြားသည်။

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးအတွက် ဆော်ဒီအာရေဗျနိုင်ငံ၏အဆိုပြုချက်ကို အစ္စရေးအစိုးရအဖွဲ့က လက်ခံသင့်ကြောင်း မီရာဒါဂင်၏တိုက်တွန်းပြောကြားမှုကို ကိုးကား၍ သတင်းများတွင် ဖော်ပြသည်။

အီရန်နိုင်ငံ၏ အငြင်းပွားဖွယ် နျူကလီးယားအဆောက်အအုံများကို အစ္စရေးစစ်ဘက်က တိုက်ခိုက်မည်ဆိုလျှင် ယင်းအဆောက်အအုံများအား မဖျက်ဆီးနိုင်ပါက အရှေ့အလယ်ပိုင်းဒေသ၌ စစ်မီးတောက်လောင်မည်ဖြစ်ကြောင်း မော့ဆက်အကြီးအကဲဟောင်း မီရာဒါဂင်က အီရန်နိုင်ငံအားတိုက်ခိုက်မှုကို ဆန့်ကျင်သည့် ၎င်း၏ အမြင်အား ထင်ဟပ်ဖော်ပြသည်။

အီရန်နိုင်ငံ၏ အငြင်းပွားဖွယ် နျူကလီးယားအစီအစဉ်များကို ဟန့်တားရန်အတွက် အဘက်ဘက်မှ ဆင်ခြင်သုံးသပ်ရန်လိုအပ်ပြီး စစ်ပွဲဆင်နွှဲရေးအတွက်သာ ဇောင်းပေးစဉ်းစားရန်မလိုအပ်ကြောင်း မီရာဒါဂင်က ၎င်း၏အမြင်ကို ထုတ်ဖော်ပြောကြားခဲ့သည်။

အီရန်၏ နျူကလီးယားအစီအစဉ်များသည် လက်နက်ထုတ်လုပ်ရန်ဖြစ်ကြောင်း အခြားသော အနောက်အုပ်စုဝင်နိုင်ငံများကဲ့သို့ပင် အစ္စရေးကရှုမြင်ထားသည်။

ယင်းနိုင်ငံ၏ နျူကလီးယားအစီအစဉ်များကို တားဆီးနိုင်ရန် စစ်ရေးအရ တိုက်ခိုက်မှုသည်သာ တစ်ခုတည်းသောနည်းလမ်းဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း အမေရိကန်ပြည်ထောင်စု၌ ပြောကြားခဲ့သည်။

၁၉၄၈ခုနှစ်အတွင်း အစ္စရေးနိုင်ငံဖြစ်ပေါ်လာမှုကြောင့် ဇာတိမြေကိုစွန့်ခွာခဲ့ရသည့် ပါလက်စတိုင်းဒေသသားများအတွက် အနောက်ဘက်ကမ်း၊ အရှေ့ဂျေရုဆလင်နှင့် ဂါဇာကမ်းမြောင်တို့ပါဝင်သော ပါလက်စတိုင်းနိုင်ငံကို ဖန်တီးပေးခြင်းသည် မျှတသောနည်းလမ်းဖြစ်ကြောင်း ဆော်ဒီအာရေဗျက အဆိုပြုထားသည်။

အင်တာနက်။

မိုဂါဒစ်ရှူးရှိ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ စစ်စခန်းကို ဆိုမာလီနွယ်ဖွား အမေရိကန်နိုင်ငံသား တိုက်ခိုက်ခဲ့ဟုဆို

မိုဂါဒစ်ရှူး ဇွန် ၂

ယခုရက်သတ္တပတ်အတွင်း ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့ရှိ စစ်စခန်းတစ်ခုကို အသေခံဗုံးခွဲတိုက်ခိုက်ခဲ့သူမှာ ဆိုမာလီလူမျိုး အမေရိကန်နိုင်ငံသားတစ်ဦးဖြစ်ကြောင်း အယ်လ်ရှာဘက်အမည်ရှိ စစ်သွေးကြွအုပ်စုက ဇွန် ၂ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဆိုမာလီနိုင်ငံ မြို့တော်မိုဂါဒစ်ရှူးရှိ အာဖရိကသမဂ္ဂ(အေယူ)ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့၏ စစ်စခန်းကို မေ ၃၀ ရက်က အသေခံဗုံးခွဲတိုက်ခိုက်ခဲ့သူမှာ အသက် (၂၅)နှစ်ရှိ အဗ္ဗဒူလာ ဟီအာမက်ဆိုသူ ဆိုမာလီနွယ်ဖွား အမေရိကန်နိုင်ငံသားဖြစ်ကြောင်း အယ်လ်ရှာဘက်အဖွဲ့၏ အင်တာနက်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

အဆိုပါတိုက်ခိုက်မှုကြောင့် အေယူတပ်ဖွဲ့ဝင် နှစ်ဦးနှင့် ဆိုမာလီအစိုးရတပ်ဖွဲ့ဝင် တစ်ဦးသေဆုံးခဲ့ရသည်။

အာမက်သည် လွန်ခဲ့သည့်နှစ်နှစ်က အမေရိကန်နိုင်ငံ မင်နီဆိုးတားပြည်နယ်မှ ဆိုမာလီနိုင်ငံသို့ ရွှေ့ပြောင်းလာခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

အကယ်၍ အယ်လ်ရှာဘက်အဖွဲ့၏ ထုတ်ပြန်ကြေညာချက် မှန်ကန်ပါက ဆိုမာလီနိုင်ငံ၌ အသေခံဗုံးခွဲ တိုက်ခိုက်သည့် တတိယမြောက် ဆိုမာလီနွယ်ဖွား အမေရိကန်နိုင်ငံသားဖြစ်မည်ဆို၏။

ဆိုမာလီစစ်သွေးကြွအချို့သည် အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်နွယ်မှုရှိသည်။ စစ်သွေးကြွအုပ်စုများသည် အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ရန် အမေရိကန်နိုင်ငံရှိ ဆိုမာလီနွယ်ဖွား လူငယ်များကို စည်းရုံးသိမ်းသွင်းလျက်ရှိသည်။ **အင်တာနက်။**

တရုတ်နိုင်ငံ ယန်စီမြစ်တစ်ကြောရှိ ဒေသများ၌ မိုးခေါင်မှုကြောင့် ပြည်သူ ၃၄ သန်းကျော်ထိခိုက်

ပေကျင်း ဇွန် ၂

တရုတ်နိုင်ငံ ယန်စီမြစ်တစ်ကြောရှိဒေသများ၌ မိုးခေါင်မှု ဖြစ်ပွားခြင်းကြောင့် ပြည်သူ ၃၄ သန်းကျော် ထိခိုက်ရကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများ၌ ရေရှားပါးပြတ်လပ်မှုနှင့် တွေ့ကြုံနေရကြောင်း တရုတ်မြို့ပြရေးရာဝန်ကြီးဌာနက ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ယန်စီမြစ်တစ်ကြောရှိဒေသများ၌ နေထိုင်သူ ၄ ဒသမ ၂၃ သန်းကျော်သည် သောက်သုံးရေအလုံအလောက် မရရှိကြောင်း၊ ပြည်သူငါးသန်းကျော်မှာမူ မိုးခေါင်မှုဘေးဒုက္ခများမှ ကျော်လွှားလွန်မြောက်နိုင်ရန် အစိုးရ၏အကူအညီ လိုအပ်နေကြောင်း မြို့ပြရေးရာဝန်ကြီးဌာန၏ကြေညာချက်တွင် ဖော်ပြထားသည်။

ကာလရှည်ကြာ

မိုးခေါင်မှုသဘာဝကပ်ဘေး၏ ထူးခြားသောသွင်ပြင်လက္ခဏာမှာ ကာလရှည်ကြာ မိုးခေါင်ခြင်းပင်ဖြစ်ကြောင်း ကြေညာချက်တွင် ပါရှိသည်။

လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၌ ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်နေရပြီး ပြည်သူများအတွက် သောက်သုံးရေအခက်အခဲရှိသကဲ့သို့ပင် မွေးမြူရေးတိရစ္ဆာန်များအတွက်လည်း ရေရှားပါးလျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တရုတ်နိုင်ငံ၏ အရှည်အလျားဆုံး မြစ်တစ်စင်းဖြစ်ပြီး စီးပွားရေးအရ အရေးအပါဆုံးမြစ်လည်းဖြစ်သော ယန်စီမြစ်၏ မြစ်ဝှမ်းဒေသ၌ ဇန်နဝါရီလမှ ဧပြီလအထိကာလအတွင်း မိုးရေရရှိမှုသည် လွန်ခဲ့သည့်နှစ်ပေါင်း ၅၀ ကာလ ပျမ်းမျှမိုးရေရရှိမှုပမာဏအောက် ၆၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်။

စိုက်ပျိုးမြေအများအပြား၌ ရေမရရှိမှုကြောင့် ပပ်ကြားအက်များ ဖြစ်ပေါ်နေပြီး ဆန်စပါးစိုက်ပျိုးနိုင်ခြင်းမရှိကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။ **အင်တာနက်။**

မိုးခေါင်မှု၏ ဆိုးကျိုးသက်ရောက်မှုနှင့် တွေ့ကြုံနေရသော ယန်စီမြစ်တစ်နေရာကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဂျပန်ဝန်ကြီးချုပ် နာအိုတိုခန်း အယုံအကြည်မရှိအဆို အနိုင်ရ

တိုကျို ဇွန် ၂

ဂျပန်ဝန်ကြီးချုပ် နာအိုတိုခန်းသည် ဇွန် ၁ ရက်က ပါလီမန်တွင် ၎င်းအား အယုံအကြည်မရှိ အဆိုတင်သွင်းမှုနှင့်တွေ့ကြုံခဲ့ရသော်လည်း အဆိုရှုံးနိမ့်သွားခဲ့ကြောင်း သတင်းဌာနများက ဇွန် ၂ ရက်တွင် ရေးသားဖော်ပြသည်။

ဝန်ကြီးချုပ်ခန်းသည် ၎င်း၏နိုင်ငံရေးပါတီအတွင်းမှ ပုန်ကန်မှုတစ်ရပ်ကို ကျော်လွှားလွန်မြောက်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ဝန်ကြီးချုပ်ခန်းသည် အဆိုပါရာထူး၌ တာဝန်ထမ်းဆောင်ခဲ့သည်မှာ တစ်နှစ်ပင်မပြည့်သေးပေ။ ၎င်းသည် မတ်လကဖြစ်ပွားခဲ့သော သဘာဝဘေးအန္တရာယ်မှ ပြန်လည်နာလန်ထူလာစေရန် ကြိုးပမ်းနေရသလို စီးပွားရေးဆိုင်ရာပြဿနာများကိုလည်း အားသွန်ခွန်စိုက် ဖြေရှင်းနေရသည်။

အတိုက်အခံ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ(အယ်လ်ဒီပီ)သည် ဇွန် ၁ ရက်နှောင်းပိုင်းက အယုံအကြည်မရှိ အဆိုတစ်ရပ်ကို တင်သွင်းခဲ့သည်။ ယင်းအဆိုကို ပါတီငယ်နှစ်ခုက ထောက်ခံခဲ့သည်။

မိမိသည် ဂျပန်နိုင်ငံ အဓိကရင်ဆိုင်နေရသော စိန်ခေါ်မှုတစ်ရပ်ဖြစ်သည့် မြေငလျင်ပြန်လည်ထူထောင်ရေးလုပ်ငန်းပြီးစီးအောင်မြင်သည့်အခါ ရာထူးမှဆင်းပေးမည်ဖြစ်ကြောင်း အယုံအကြည်မရှိအဆိုကို မဲခွဲဆုံးဖြတ်ခြင်း မပြုမီ နာရီပိုင်းအလိုတွင် ဝန်ကြီးချုပ်ခန်းက ပြောကြားခဲ့သည်။

မြေငလျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်မှ ပြန်လည်နာလန်ထူလာသည့်အခါ ဝန်ကြီးချုပ်ရာထူးအခွင့်အာဏာများကို မျိုးဆက်သစ်နိုင်ငံရေးသမားများထံသို့ လွှဲပြောင်းပေးအပ်လိုကြောင်း အသက် (၆၄)နှစ်ရှိ ခန်းက ၎င်း၏ဂျပန်ဒီမိုကရက်တစ်ပါတီ၏ အမတ်များအား ပြောကြားသည်။

ဂျပန်နိုင်ငံတွေ့ကြုံခဲ့ရသော သဘာဝကပ်ဘေးနှင့်ပတ်သက်၍ ဝန်ကြီးချုပ်ခန်း၏ ကိုင်တွယ်ဆောင်ရွက်ပုံကို အယ်လ်ဒီပီ ခေါင်းဆောင်များက ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ကြသည်။ **အင်တာနက်။**

အာဖဂန်စစ်သွေးကြွများ နယ်စပ်ဖြတ်ကျော်ဝင်ရောက်ကာ ပါကစ္စတန်ရဲတပ်ဖွဲ့ စစ်ဆေးရေးစခန်းကို တိုက်ခိုက်

အာဖဂန်နစ္စတန်နိုင်ငံနှင့် ထိစပ်နေသော ပါကစ္စတန်နယ်စပ်ဒေသ၌ လုံခြုံရေးစောင့်ကြပ်နေသော ပါကစ္စတန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အစ္စလာမ္မာဘတ် ဇွန် ၂

ပါကစ္စတန်နိုင်ငံ အနောက်ပိုင်း ခိုင်ဘာပထန်ကာဝါပြည်နယ် ဒါးခရိုင်၌ ရဲတပ်ဖွဲ့စစ်ဆေးရေးဂိတ်တစ်ခုကို စစ်သွေးကြွများက တိုက်ခိုက်ခဲ့ရာ တပ်ဖွဲ့ဝင် ၂၃ ဦးနှင့် စစ်သွေးကြွ ၃၅ ဦးသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ဇွန် ၂ရက်တွင် ပြောကြားသည်။

ရှာတာလိုမြို့ရှိ ရဲတပ်ဖွဲ့စစ်ဆေးရေးဂိတ်ကို အင်အား ၂၀၀ ကျော်ရှိ အာဖဂန်စစ်သွေးကြွများက စီးနင်းတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

စစ်သွေးကြွများသည် နယ်စပ်ဒေသကို ဖြတ်ကျော်ဝင်ရောက်လာကာ ရဲတပ်ဖွဲ့စစ်ဆေးရေးစခန်းကို တိုက်ခိုက်ခဲ့ကြောင်း၊ နာရီပေါင်းအတန်ကြာမျှ တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း၊ ပါကစ္စတန် လုံခြုံရေးတပ်ဖွဲ့ဝင်များက စက်သေနတ်တင် ရဟတ်ယာဉ်တစ်စင်းဖြင့် စစ်သွေးကြွများကို ချေမှုန်းတိုက်ခိုက်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ၏ အနောက်မြောက်ပိုင်းနယ်စပ်ဒေသ၌ စစ်သွေးကြွများ ခြေကုပ်ယူကာ လှုပ်ရှားလာခဲ့ကြသည်မှာ နှစ်ပေါင်းအတန်ကြာ ကြာမြင့်ခဲ့ပြီဖြစ်သည်။

နယ်စပ်ဒေသ၌ ခိုအောင်းနေသောစစ်သွေးကြွများသည် အာဖဂန်နစ္စတန်နိုင်ငံရှိ အနောက်အုပ်စုတပ်ဖွဲ့ဝင်များကို ပစ်မှတ်ထားတိုက်ခိုက်သကဲ့သို့ အမေရိကန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သော ပါကစ္စတန်အစိုးရတပ်ဖွဲ့ဝင်များကိုလည်း ပစ်မှတ်ထားကာ တိုက်ခိုက်ခဲ့သည်။ **အင်တာနက်။**

အီရတ်စစ်ပွဲအတွင်း သေဆုံးခဲ့ရသော အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၄၄၅၄ ဦးရှိ

ဘဂ္ဂဒက် ဇွန် ၂

၂၀၀၃ ခုနှစ် မတ်လတွင် အီရတ်စစ်ပွဲစတင်ချိန်မှစ၍ ၂၀၁၁ ခုနှစ် ဇွန် ၁ ရက်အထိ အီရတ်စစ်မြေပြင်၌ သေဆုံးခဲ့ရသော အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၄၄၅၄ဦးရှိခဲ့ပြီဖြစ်ကြောင်း အေပီသတင်းဌာန၏ စာရင်းဇယား ကောက်ခံမှုများအရ သိရသည်။

အီရတ်စစ်ပွဲ၌ သေဆုံးခဲ့ရသော အမေရိကန်တပ်ဖွဲ့ဝင်များစာရင်း၌ တာဝန်ထမ်းဆောင်စဉ်အတွင်း သေဆုံးခဲ့ရသော အရပ်သား စစ်ဘက်ဆိုင်ရာဝန်ထမ်း ကိုးဦးလည်းပါဝင်ကြောင်း သိရသည်။

အမေရိကန်စစ်ဘက်၏ စာရင်းထုတ်ပြန်မှုများအရ အမေရိကန်တပ်ဖွဲ့ဝင် အနည်းဆုံး ၃၅၀၆ ဦးတို့သည် တိုက်ပွဲများအတွင်း သေဆုံးခဲ့ရကြောင်း အေပီသတင်းဌာနက ပြောကြားသည်။

အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာန၏ အပတ်စဉ်အသေအပျောက်စာရင်းများအရ အီရတ်စစ်ပွဲ စတင်ချိန်မှစ၍ တိုက်ပွဲများအတွင်း အမေရိကန်တပ်ဖွဲ့ဝင် ၃၂၁၀၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အမေရိကန်စစ်ဘက်က နောက်ဆုံးထုတ်ပြန်သော စာရင်းများအရ အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ လက်ပစ်ဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခံရမှုကြောင့် မေ ၂၂ရက်တွင် အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးခဲ့ရကြောင်း သိရသည်။ **အင်တာနက်။**

မိမိတို့အနေဖြင့် နိုင်ငံတကာဆက်ဆံရေးတွင် မည်သည့်နိုင်ငံနှင့် မဆို ဆက်ဆံရေးတိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆေ
နှစ်နိုင်ငံဆက်ဆံရေးတွင် နှစ်ဦးနှစ်ဖက် အကျိုးစီးပွားကိုရှေးရှု၍ အကျိုးရှိနိုင်မည်ဆိုပါက မည်သည့်နိုင်ငံနှင့်မဆို ပူးပေါင်းဆော

✻ ရှေ့ဖုံးမှ

စတင်၍ အစိုးရအဖွဲ့သစ်က နိုင်ငံတော်တာဝန်များကို စတင်တာဝန်ယူဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတော်သမ္မတအနေဖြင့် မတ်လ ၃၀ ရက်နေ့ လွှတ်တော်တွင်ပြောကြားသည့် နိုင်ငံတော် ရှေ့ဆက်ဖော်ဆောင်သွားမည့် အခြေပြမိန့်ခွန်းတွင်လည်းကောင်း၊ မတ်လ ၃၁ ရက်နေ့တွင် ပြောကြားသည့် အစိုးရအဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များ၊ မူဝါဒများနှင့် ပတ်သက်သည့် မိန့်ခွန်းတွင်လည်းကောင်း အစိုးရအဖွဲ့ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ထည့်သွင်းပြောကြားခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံခြားရေးမူဝါဒအနေဖြင့် လွတ်လပ်၍ တက်ကြွသော ဘက်မလိုက်သည့်မူဝါဒကို ဆက်လက်ကျင့်သုံးမည်ဖြစ်ပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်နှင့်အညီ နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံသွားမည်ဖြစ်ပါကြောင်း။

မြန်မာနှင့် အမေရိကန်တို့သည် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးချိန်က ဆက်ဆံရေးကောင်းမွန်ခဲ့ပြီး ပူးပေါင်းဆောင်ရွက်မှုများ၊ ကူညီပံ့ပိုးမှုများ များစွာရှိခဲ့ကြောင်း၊ ဝါဒသဘောချင်းမတူသော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာပင် အမေရိကန်တို့အနေဖြင့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ အများအပြားရှိခဲ့သည်ကို တွေ့ရပါကြောင်း၊ ယနေ့ မြန်မာနိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ စတင်ချင်းနင်းဝင်ရောက်ပြီး ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်နေပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် အဆွေတော်တို့နှင့် မိမိတို့သည် မူဝါဒစနစ်လမ်းကြောင်းတစ်ခုတည်းပေါ် ရောက်ရှိနေပြီး ပိုမိုနီးကပ်နေပြီဖြစ်ပါကြောင်း၊ သို့သော် မိမိတို့အနေဖြင့် ဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးရာတွင် ချောမောအောင်မြင်စွာကူးပြောင်းနိုင်အောင် ကြိုးပမ်းဖော်ဆောင်နေရဆဲဖြစ်သည့်အတွက် အဆွေတော်တို့ကဲ့သို့ နှစ်ပေါင်း ၂၀၀ ကျော် ဖြတ်သန်းခဲ့ပြီးဖြစ်သည့် ဒီမိုကရေစီအဆင့်မျိုး ချက်ချင်းဖြစ်ပေါ်လာနိုင်မည် မဟုတ်သေးသည်ကို နားလည်စေလိုပါကြောင်း၊ မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းဒီမိုကရေစီကျင့်သုံးမှုကို စတင်ကျင့်သုံးဆောင်ရွက်နေပြီဖြစ်သကဲ့သို့ နိုင်ငံတကာဆက်ဆံရေး၌လည်း ချမှတ်ထားသည့် နိုင်ငံရေးမူဝါဒနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားမည်သာဖြစ်ပါကြောင်း။

- ☆ မြန်မာနှင့် အမေရိကန်တို့သည် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးချိန်က ဆက်ဆံရေးကောင်းမွန်ခဲ့ပြီး ပူးပေါင်းဆောင်ရွက်မှုများ၊ ကူညီပံ့ပိုးမှုများ များစွာရှိခဲ့။
- ☆ ဝါဒသဘောချင်းမတူသော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာပင် အမေရိကန်တို့အနေဖြင့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ အများအပြားရှိခဲ့သည်ကို တွေ့ရ။
- ☆ ယနေ့ မြန်မာနိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ စတင်ချင်းနင်းဝင်ရောက်ပြီး ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်နေ။
- ☆ ထို့ကြောင့် အဆွေတော်တို့နှင့် မိမိတို့သည် မူဝါဒစနစ်လမ်းကြောင်းတစ်ခုတည်းပေါ် ရောက်ရှိနေပြီး ပိုမိုနီးကပ်နေပြီဖြစ်။
- ☆ သို့သော် မိမိတို့အနေဖြင့် ဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးရာတွင် ချောမောအောင်မြင်စွာ ကူးပြောင်းနိုင်အောင် ကြိုးပမ်းဖော်ဆောင်နေရဆဲဖြစ်သည့်အတွက် အဆွေတော်တို့ကဲ့သို့ နှစ်ပေါင်း ၂၀၀ ကျော် ဖြတ်သန်းခဲ့ပြီးဖြစ်သည့် ဒီမိုကရေစီအဆင့်မျိုး ချက်ချင်းဖြစ်ပေါ်လာနိုင်မည် မဟုတ်သေးသည်ကို နားလည်စေလို။

- ❐ တပ်မတော်အစိုးရ လက်ထက်တွင် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးအတွက် လက်နက်ကိုင်အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးကမ်းလှမ်းခဲ့ရာ စုစုပေါင်း အဖွဲ့ကြီး ၁၇ ဖွဲ့ မိမိတို့နှင့် ပူးပေါင်းပြီး ငြိမ်းချမ်းရေးရယူခဲ့။
- ❐ ယင်းသို့ ငြိမ်းချမ်းရေးရယူပြီးသည့်အဖွဲ့များအနက် ၃ ဖွဲ့နှင့် ငြိမ်းချမ်းရေးမယူရသေးသည့် အဖွဲ့ ၂ ဖွဲ့ ပူးပေါင်းကာ အစိုးရအား လက်ရှိဆန့်ကျင်နေသည့် အဖွဲ့ ၅ ဖွဲ့ရှိ။
- ❐ ကျန် ၁၄ ဖွဲ့သည် အခြေခံဥပဒေနှင့်အညီ ပူးပေါင်းဆောင်ရွက်လျက်ရှိ။
- ❐ မိမိတို့အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အလေးထားလျက် ဥပဒေနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားနိုင်အောင် ငြိမ်းချမ်းရေးတံခါးဖွင့်ပြီး လက်ကမ်းကြိုဆိုလျက်ရှိ။

မိမိတို့အနေဖြင့် နိုင်ငံတကာဆက်ဆံရေးတွင် နိုင်ငံ၊ လူမျိုး ခွဲခြားမှုမရှိဘဲ မည်သည့်နိုင်ငံနှင့်မဆို ဆက်ဆံရေးတိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးတွင် နှစ်ဦးနှစ်ဖက်အကျိုးစီးပွားကိုရှေးရှု၍ အကျိုးရှိနိုင်မည်ဆိုပါက မည်သည့်နိုင်ငံနှင့်မဆို ပူးပေါင်းဆောင်ရွက်သွားမည်သာဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံ၏ ပထဝီဝင်နိုင်ငံရေး(Geopolitics)အနေအထားအရ ပူးပေါင်းဆောင်ရွက်ရခြင်းများလည်း ရှိမည်သာဖြစ်ပါကြောင်း၊ အဆွေတော်တို့နှင့်လည်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၊ ဆက်ဆံမှုတိုးမြှင့်ရေးကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် ဒေသတွင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့် ရင်းနှီးစွာ ဆက်ဆံဆောင်ရွက်လျက်ရှိသည့်အပြင် ကုလသမဂ္ဂနှင့်လည်း အလေးထားပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ မြောက်ကိုရီးယားနိုင်ငံကိစ္စနှင့်စပ်လျဉ်း၍ မိမိတို့သည် ကမ္ဘာ့မိသားစုဝင် နိုင်ငံများ အားလုံးနှင့် ရင်းနှီးစွာပေါင်းသင်းဆက်ဆံလျက်ရှိရာ ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြောက်ကိုရီးယားနိုင်ငံနှင့်လည်း ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံခဲ့ပါကြောင်း၊ သို့သော် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်အမှတ် ၁၇၁၈ နှင့် ၁၈၇၄ ပါ ပြဋ္ဌာန်းချက်များ ထုတ်ပြန်ပြီးနောက် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံပီသစွာ အဆိုပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း။

ချူကလီးယားကိစ္စနှင့်စပ်လျဉ်း၍ ပြောကြားရလျှင် မြန်မာနိုင်ငံအနေဖြင့် ရုရှားနိုင်ငံ၏ အကူအညီဖြင့် ချူကလီးယားသုတေသနလုပ်ငန်းဆောင်ရွက်ရန် စီမံခဲ့ပါကြောင်း၊ မိမိတို့ ခေတ်နောက်ကျ မကျန်ရအောင် ချူကလီးယားနှင့်ပတ်သက်၍ အခြေခံသဘော နားလည်စေရန်နှင့် ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများတွင် ဆက်စပ်ဆောင်ရွက်ရန် ရည်ရွယ်ခဲ့ပါကြောင်း၊ ချူကလီးယားလက်နက်ထုတ်လုပ်ရန် စဉ်းစားနိုင်မှုမရှိခဲ့သည့်အပြင် စီးပွားရေးအခြေအနေအရလည်း စဉ်းစားနိုင်ရန်မရှိပါကြောင်း၊ သို့ရာတွင် ချူကလီးယားကိစ္စအပေါ် နိုင်ငံတကာအမြင်တွင် တစ်မျိုးတစ်မည်ဖြစ်လာသည့်အတွက် ယင်းအစီအစဉ်ကိုပင် ရပ်ဆိုင်းထားပြီးဖြစ်ပါကြောင်း။

၂၀၁၀ ရွေးကောက်ပွဲအတွက် ပါတီများဖွဲ့စည်းရေးတွင် ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ပါကြောင်း၊ ရွေးကောက်ပွဲမတိုင်မီ ယခင်ကဖွဲ့စည်းထားပြီးဖြစ်သည့် ပါတီ ၁၀ ပါတီအနက် ၅ ပါတီက ပြန်လည် မှတ်ပုံတင်ခဲ့ပြီး ကျန် ၅ ပါတီသည် အခြားပါတီများနှင့်ပေါင်း၍လည်းကောင်း၊ ပါတီအမည်သစ်ဖြင့် လည်းကောင်း ရွေးကောက်ပွဲဝင်ခဲ့ကြရာ စုစုပေါင်း ပါတီသစ် ၃၂ ပါတီ၊ ပါတီဟောင်း ၅ ပါတီ စုစုပေါင်း ၃၇ ပါတီနှင့် တစ်သီးပုဂ္ဂလများ ရွေးကောက်ပွဲဝင်ခဲ့ကြပါကြောင်း၊ **ပါတီများ မူလအမည်မပြောင်းလဲခြင်း၊ အမည်သစ်ပြောင်းလဲဖွဲ့စည်းခြင်းကိစ္စများမှာ ၎င်းတို့၏ ပါတီတွင်းကိစ္စများသာဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲတွင် ပါတီ ၂၂ ပါတီနှင့် တစ်သီးပုဂ္ဂလအချို့ ရွေးချယ်ခံခဲ့ရပါကြောင်း၊ ဤသည်မှာလည်း ပြည်သူလူထုသဘောထားပင်ဖြစ်ပါကြောင်း၊ ပါတီများအနေဖြင့် ရွေးချယ်တင်မြှောက်ခံရသည့်အတွက် လွှတ်တော်အသီးသီးတွင် ပါဝင်ခွင့်ရရှိပြီး ပြောဆိုဆွေးနွေးနိုင်သည့် အခွင့်အရေးများ ရရှိသွားပါကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပါဝင်ခြင်းမရှိသူများအနေဖြင့် လွှတ်တော်အသီးသီးတွင် တရားဝင်ဆွေးနွေးပြောဆိုဆောင်ရွက်နိုင်သည့် အခွင့်အရေးများ ဆုံးရှုံးရပါကြောင်း၊ မိမိတို့အနေဖြင့် ပြည်ထောင်စုလွှတ်တော်၌ နိုင်ငံတော်သမ္မတပြောကြားခဲ့သည့် မိန့်ခွန်းတွင်ပါရှိသည့်အတိုင်း ဆွေးနွေးပြောဆိုနိုင်ခွင့် ရရေးအတွက် ဥပဒေနှင့်အညီ လွှတ်တော်၌ ပါဝင်နိုင်ရေးကို လက်ကမ်းဖိတ်ခေါ်ထားပြီးဖြစ်ပါကြောင်း။**

အဆွေတော်အနေဖြင့် ယမန်နေ့က မြန်မာနိုင်ငံနယ်စပ် မဲလှ၊ မဲဆောက်ဒေသမှ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံခဲ့ကြောင်း သိရှိရသည့်အတွက် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပတ်သက်၍လည်း ပြောကြားလိုပါကြောင်း၊ တပ်မတော်အစိုးရလက်ထက်တွင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် လက်နက်ကိုင်အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးကမ်းလှမ်းခဲ့ရာ စုစုပေါင်း အဖွဲ့ကြီး ၁၇ ဖွဲ့ မိမိတို့နှင့် ပူးပေါင်းပြီး ငြိမ်းချမ်းရေး ရယူခဲ့ကြောင်း၊ ယင်းသို့ ငြိမ်းချမ်းရေးရယူပြီးသည့် အဖွဲ့များအနက် ၃ ဖွဲ့နှင့် ငြိမ်းချမ်းရေးမယူရသေးသည့် အဖွဲ့ ၂ ဖွဲ့ ပူးပေါင်းကာ အစိုးရအား လက်ရှိဆန့်ကျင်နေသည့် အဖွဲ့ ၅ ဖွဲ့ရှိပါကြောင်း၊ ကျန်၁၄ ဖွဲ့သည် အခြေခံဥပဒေနှင့်အညီ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အလေးထားလျက် ဥပဒေနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားနိုင်အောင် ငြိမ်းချမ်းရေးတံခါးဖွင့်ပြီး လက်ကမ်းကြိုဆိုလျက်ရှိပါကြောင်း၊ အဆွေတော်ရောက်ရှိခဲ့သော **မဲလှဒေသမှ အချို့အဖွဲ့အစည်းများကို ၁၉၉၄-၉၅ ခုနှစ်မှစတင်၍ ဘားအံဒေသတွင် နေရာချထားပေးခဲ့ပြီး စားဝတ်နေရေးအတွက် ၃/၄ နှစ်စာ ထောက်ပံ့ပေးခဲ့ပါကြောင်း၊ ယခုအခါ ၎င်းတို့အနေဖြင့် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်သည့်အနေအထား ဖြစ်ပါကြောင်း၊ ကျန်နေသောအဖွဲ့များအနေဖြင့် မိမိတို့တိုင်းပြည်သို့ အချိန်မရွေးပြန်လာနိုင်ပြီး မိမိတို့ကလည်း အစစပံ့ပိုးကူညီဆောင်ရွက်ပေးရန် တာဝန်ရှိပါကြောင်း၊ ငြိမ်းချမ်းရေးရယူပြီး ပူးပေါင်းဆောင်ရွက်မှုများ ပြန်လည်ပြုလုပ်မည်ဆိုပါက မိမိတို့က တာဝန်ယူ ပံ့ပိုးကူညီစောင့်ရှောက်သွားမည်ဖြစ်ပါကြောင်း။**

ဆက်လက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေကိစ္စ ဆွေးနွေးလိုပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို အခါအားလျော်စွာ ပြင်ဆင်ရန်လိုအပ်လာပါက ပြင်ဆင်နိုင်ရန် ပြဋ္ဌာန်းချက်များပါရှိပြီးဖြစ်ပါကြောင်း၊ လွှတ်တော်အတွင်း ပြင်ဆင်နိုင်သည့် နည်းလမ်းရှိသကဲ့သို့ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲပြုလုပ်ပြီး ပြင်ဆင်ရသည့် ကန့်သတ်မှုများလည်း ရှိပါကြောင်း၊ အဆွေတော်တို့နိုင်ငံအပါအဝင် နိုင်ငံတကာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေအား အခါအားလျော်စွာ ပြင်ဆင်ရန်လိုအပ်လာပါက သတ်မှတ်ထားသည့် ဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်သကဲ့သို့ မိမိတို့အခြေခံဥပဒေကိုလည်း အလားတူ ပြင်ဆင်နိုင်အောင် စီမံဆောင်ရွက်ပေးထားပါကြောင်း။

အဆွေတော်တို့အနေဖြင့် ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၏ သဘောထားများနှင့် ၎င်းတို့ထံမှ ရရှိသော သတင်းအချက်အလက်များကိုသာ သိရှိနေရသည့်အတွက် မိမိတို့နိုင်ငံအပေါ် နားလည်မှု လွဲမှားနေသည်ကို နားလည်ပါကြောင်း၊ ယင်းအပေါ်မူတည်၍ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့ကန့်သတ်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ၎င်းပိတ်ဆို့ကန့်သတ်မှုများ ပယ်ဖျက်နိုင်ရန် အချိန်အတိုင်းအတာတစ်ခု ယူရမည်ကိုလည်း နားလည်ပါကြောင်း၊ ယင်းအချိန်အတိုင်းအတာ ပြီးဆုံးသွားပါက ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုပြုလုပ်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်မည်ဆိုပါက နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြန်လည်တိုးမြှင့်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော်သည် မိမိနိုင်ငံတွင် နိုင်ငံရေးအရ ဩဇာရှိသူဖြစ်သည့်အတွက် မြန်မာ-အမေရိကန်ဆက်ဆံရေးတိုးမြှင့်ရေးတွင် နှစ်ဖက်အကြား ပေါင်းစပ်ဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးပြောကြားသည်။

၎င်းနောက် မစ္စတာ ဂျွန်မက်ကိ
ဆွေးနွေးပြောကြားချက်များအရ
စိတ်ရင်းစေတနာရှိမှုကို သိရှိရသည
အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး
တွင် နိုင်ငံရေးအကျဉ်းသား ၂၀၀
ယင်းကိစ္စနှင့်စပ်လျဉ်း၍ အပြည်ပြ
မြန်မာနိုင်ငံသို့ လာရောက်လေ့လာခွ
ချက်များအရ ဒေါ်အောင်ဆန်းစုကြ
နယ်နိမိတ်ပြင်ပဒေသများသို့ ခရီး
ဒေါ်အောင်ဆန်းစုကြည်အား သွား

**မြန်မာနိုင်ငံသည် မှန်ကန်သ
နေပြီဖြစ်သည်ဟု မိမိယုံကြည်လက်ခံ
သည့်အခါ အမေရိကန်အစိုးရနှင့် လု
စတင်ဆွေးနွေးရန် လိုအပ်နေပြီ
သွားမည်ဖြစ်ပါကြောင်း**ဖြင့် ပြန်လ

၎င်းနောက် ဒုတိယသမ္မတ သီ
နိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားများမ
များကိုလည်း ယခင်က လက်ခံစီ
သို့သော် ၎င်းတို့အနေဖြင့် လုပ်
ဆောင်ရွက်ခဲ့သည်များ ရှိခဲ့သည့်အ
ကြောင်း၊ သို့သော် အဆွေတော်အ
ခဲ့ခြင်းဖြစ်သည့်အတွက် မိမိတို့ဘက်
စဉ်းစားဆွေးနွေးဆောင်ရွက်သွားမ

**ဒေါ်အောင်ဆန်းစုကြည်ကိစ္စန
သားတစ်ဦးအဖြစ် သဘောထားပါ
အနေဖြင့် ဥပဒေနှင့် အညီ သွားလာ
ရန်မရှိပါကြောင်း၊ သို့သော်လည်း
တရားဥပဒေစိုးမိုးရေးကိုမူ အလေး
မိမိတို့အနေဖြင့် ဒီမိုကရေစီလမ်း
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးမှာ
တော် တည်ငြိမ်အေးချမ်းမှသာ စီးပွား
တိုးတက်ပြည့်စုံကောင်းမွန်အောင်**

မိမိတို့အနေဖြင့် နှစ်နိုင်ငံပူးပေါ
အလေးအနက်ထား ဆောင်ရွက်သွား
ကြီးမှ အဆွေတော်တို့သမ္မတအား နှု
နိုင်ငံ ပိုမိုတိုးတက်စေရန်နှင့် နှစ်နို
စေရန် ဆန္ဒပြုပါကြောင်းဖြင့် ဖြည့်စွ
ဂျွန်မက်ကိန်းကလည်း အမေရိကန်သ
ဖြစ်ကြောင်း ပြောကြားခဲ့သည်။

- ❖ ဖွဲ့စည်းပုံအခြေခံဥပ
ပြင်ဆင်ရန်လိုအပ်လ
ပြဋ္ဌာန်းချက်များပါရှိ
- ❖ လွှတ်တော်အတွင်း
ရှိသကဲ့သို့ တစ်နိ
ပြည်လုံးကျွတ်ဆန္ဒခံ
ရသည့် ကန့်သတ်မှ
- ❖ အဆွေတော်တို့ နိုင်
ဖွဲ့စည်းပုံအခြေခံဥပ
ပြင်ဆင်ရန်လိုအပ်လ
သည့် ဥပဒေများ
သကဲ့သို့ မိမိတို့ အခ
တူ ပြင်ဆင်နိုင်အော

...အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိ ...ငွ့မဆို ပူးပေါင်းဆောင်ရွက်သွားမည်

၎င်းနောက် မစ္စတာ ဂျွန်မက်ကိန်းက အဆွေတော်၏ ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြောကြားချက်များအရ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်လိုသော စိတ်ရင်းစေတနာရှိမှုကို သိရှိရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကောင်စီ၏ စာရင်းအရ မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသား ၂၀၀၀ ရှိသည်ဟု ကြားသိရပါကြောင်း၊ ယင်းကိစ္စနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီကို မြန်မာနိုင်ငံသို့ လာရောက်လေ့လာခွင့် ပြုစေလိုပါကြောင်း၊ သတင်းဖော်ပြချက်များအရ ဒေါ်အောင်ဆန်းစုကြည်သည် ဇွန်လအတွင်း ရန်ကုန်နယ်နိမိတ်ပြင်ပဒေသများသို့ ခရီးသွားရောက်မည်ဟု သိရှိရပါကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အား သွားရောက်ခွင့်ပြုမည်ဟု ယူဆပါကြောင်း။

မြန်မာနိုင်ငံသည် မှန်ကန်သည့်လမ်းကြောင်းအပေါ်တွင် ရောက်ရှိနေပြီဖြစ်သည်ဟု မိမိယုံကြည်လက်ခံပါကြောင်း၊ အမေရိကန်သို့ပြန်ရောက်သည့်အခါ အမေရိကန်အစိုးရနှင့် လုပ်ဖော်ကိုင်ဖက်များအား မြန်မာနိုင်ငံနှင့် စတင်ဆွေးနွေးရန် လိုအပ်နေပြီဖြစ်သည်ကို အသိပေးပြောကြားသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဆွေးနွေးသည်။

၎င်းနောက် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးက မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားများမရှိပါကြောင်း၊ ကြက်ခြေနီအဖွဲ့အစည်းများကိုလည်း ယခင်က လက်ခံစီစဉ်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ သို့သော် ၎င်းတို့အနေဖြင့် လုပ်ပိုင်ခွင့်အတိုင်းအတာထက် ကျော်လွန်ဆောင်ရွက်ခဲ့သည်များ ရှိခဲ့သည့်အတွက် ထပ်မံခွင့်မပြုတော့ခြင်းဖြစ်ပါကြောင်း၊ သို့သော် အဆွေတော်အနေဖြင့် အလေးအနက်ထား၍ ဆွေးနွေးခဲ့ခြင်းဖြစ်သည့်အတွက် မိမိတို့ဘက်မှလည်း အဆင်ပြေသည့်အချိန်တွင် စဉ်းစားဆွေးနွေးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ဒေါ်အောင်ဆန်းစုကြည်ကိစ္စနှင့် စပ်လျဉ်း၍ ၎င်းအား သာမန်အရပ်သားတစ်ဦးအဖြစ် သဘောထားပါကြောင်း၊ သာမန်အရပ်သားတစ်ဦးအနေဖြင့် ဥပဒေနှင့် အညီ သွားလာလှုပ်ရှားဆောင်ရွက်မှုများကို ကန့်သတ်ရန်မရှိပါကြောင်း၊ သို့သော်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကိုမူ အလေးထားစောင့်ထိန်းရန်လိုအပ်ပါကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီလမ်းကြောင်းကို ဖော်ဆောင်လျက်ရှိရာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးမှာ အဓိကအရေးကြီးပါကြောင်း၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှသာ စီးပွားရေး၊ပညာရေး၊ ကျန်းမာရေးကဏ္ဍများ တိုးတက်ပြည့်စုံကောင်းမွန်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကို တိုးတက်အောင် အလေးအနက်ထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးမှ အဆွေတော်တို့သမ္မတအား နှုတ်ခွန်းဆက်သပါကြောင်း၊ အမေရိကန်နိုင်ငံ ပိုမိုတိုးတက်စေရန်နှင့် နှစ်နိုင်ငံအကြားဆက်ဆံရေး ပိုမိုတိုးတက်စေရန် ဆန္ဒပြုပါကြောင်းဖြင့် ဖြည့်စွက်ရှင်းလင်းဆွေးနွေးခဲ့သည်။ မစ္စတာဂျွန်မက်ကိန်းကလည်း အမေရိကန်သမ္မတအား ပြန်လည်ပြောကြားပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

(သတင်းစဉ်)

❖ ဖွဲ့စည်းပုံအခြေခံဥပဒေကို အခါအားလျော်စွာ ပြင်ဆင်ရန်လိုအပ်လာပါက ပြင်ဆင်နိုင်ရန် ပြဋ္ဌာန်းချက်များပါရှိပြီးဖြစ်။

❖ လွှတ်တော်အတွင်း ပြင်ဆင်နိုင်သည့် နည်းလမ်းရှိသကဲ့သို့ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲပြုလုပ်ပြီး ပြင်ဆင်ရသည့် ကန့်သတ်မှုများလည်းရှိ။

❖ အဆွေတော်တို့ နိုင်ငံအပါအဝင် နိုင်ငံတကာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေအား အခါအားလျော်စွာ ပြင်ဆင်ရန်လိုအပ်လာပါက သတ်မှတ်ထားသည့် ဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်သကဲ့သို့ မိမိတို့ အခြေခံဥပဒေကိုလည်း အလားတူ ပြင်ဆင်နိုင်အောင် စီမံဆောင်ရွက်ပေးထား။

❖ **ကျောဖုံးမှ**

တို့၏ရှေ့မှောက်၌ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်မောင်ထွန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Commercial Aircraft Corporation of China ဥက္ကဋ္ဌ မစ္စတာ ကျင်းကျွမ်းလုံတို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်း ဦးဆောင်သောအဖွဲ့ (၁၀)ကြိမ်မြောက် အာရှ-ပစိဖိတ်လုံခြုံရေးဆိုင်ရာ ထိပ်သီးအစည်းအဝေး တက်ရောက်ရန် စင်ကာပူသမ္မတနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇွန် ၂

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်း ဦးဆောင်သောအဖွဲ့သည် စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပမည့် (၁၀)ကြိမ်မြောက် အာရှ-ပစိဖိတ်လုံခြုံရေးဆိုင်ရာ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့နံနက် ၈ နာရီတွင် စင်ကာပူသမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ဆွစ်ဇာလန်သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၂

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး H.E.Mr. Christoph Burgenerနှင့်သံမှူး Mr. Thomas Fisler တို့သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံများ ဆောက်လုပ်ရေးကိစ္စရပ်များ၊ ဆေးပညာရပ်ဆိုင်ရာ နည်းပညာဖလှယ်ရေးကိစ္စရပ်များ၊ အထူးသဖြင့် နှလုံးရောဂါ ခွဲစိတ်ကုသမှုလုပ်ငန်းအတွက် နည်းပညာဖလှယ်ရေးနှင့် ဆေးနှင့်ဆေးပစ္စည်းကိရိယာများ လှူဒါန်းရေးကိစ္စရပ်များ၊ ကူးစက်ရောဂါနှင့် ကူးစက်တတ်ခြင်းမရှိသော ရောဂါများ ကာကွယ်တားဆီးရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မြစ်ဝကျွန်းပေါ်ဒေသ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပံ့ပိုးကူညီမှုကိစ္စရပ်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

တိပိဋကစာအောင်သံဃာ ချီးကျူးပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂

(၆၃)ကြိမ်မြောက် တိပိဋကစာအောင်သံဃာ ချီးကျူးပူဇော်ပွဲအခမ်းအနားကို မေ ၂၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ တိပိဋကဓမ္မရက္ခိတအဖွဲ့ ဗိမာန်တော်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဇမ်းမော်ကျောင်းတိုက်ဆရာတော် အဘိဇမဟာရဋ္ဌဂုရု အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များကို နာယူကြကာ ဆရာတော်၊ သံဃာတော်များနှင့် စာအောင်သံဃာတော် ၆၄ ပါးတို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မဟာဝိသုဒ္ဓါရုံ ရွှေကျင်ကျောင်းတိုက်မှ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ...အကျော် ပိဋကတ္တယပါရဂူ ဒွိပိဋကဓရ ဘဒ္ဒန္တသိရိကဥ္စနာဘိဝံသက သာသနာ့အာဇာနည်ဂုဏ်ရည် ချီးကျူးဥဒါန်းဂါထာဖြင့် ဖတ်ကြားပူဇော်သည်။

ယင်းနောက် ဥက္ကဋ္ဌ ဆရာတော်ထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကာ သံဃာတော်များအား ဆွမ်းဆန်တော်လောင်းလှူပြီး နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်အလုပ်သမားဆေးရုံကြီး၌ ဆေးဝါးကုသနေသည့် အာမခံအလုပ်သမား လူနာများအား ဒုတိယဝန်ကြီး ကြည့်ရှုအားပေး

ရန်ကုန် ဇွန် ၂

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းသည် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အလုပ်သမားဆေးရုံကြီးသို့ ရောက်ရှိပြီး ဆေးဝါးကုသမှု ခံယူနေကြသည့် အာမခံအလုပ်သမား လူနာများအား ကြည့်ရှုအားပေးရာ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများက ဆေးဝါးကုသမှု အခြေအနေများကို လိုက်လံ ရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အလုပ်သမား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း ရန်ကုန်အလုပ်သမားဆေးရုံကြီး၌ ဆေးကုသမှုခံယူနေသော အလုပ်သမားလူနာများအား ကြည့်ရှုအားပေးစကား ပြောကြားစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၆-၂၀၁၁ (သောကြာနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"မဂ္ဂသစ္စာရဲ့သဘောသွား" တရားတော်
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၂၃)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၈၁)**
၈း၅၀	နေ့ထူးနေ့မြတ်မှာဆင်နွဲ အောင်လံမြို့မှဆွမ်းဆန်စိမ်း လောင်းလှူပွဲ
၉း၀၅	မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ် ဘွဲ့ရများအသင်း(MIEGA)၏ စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ(၃/၂၀၁၁)
၉း၂၅	Movie Talk
၁၀း၀၀	ရန်ကုန်မြင်ကွင်းကျယ်
၁၀း၂၀	ဖက်ရှင်လမ်းညွှန်
၁၀း၄၅	ကျောင်းဖွင့်ချိန်
၁၁း၁၀	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ
၁၁း၃၀	ရန်ကုန်မြင်ကွင်းကျယ်
၁၁း၃၅	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၀၅	Activities In The City
၁၂း၂၀	Activities In The City
၁၂း၃၀	သာယာစိုပြည်ကြံခင်းမြေ
၁၂း၄၅	Activities In The City
၁း၀၀	"မဂ္ဂသစ္စာရဲ့သဘောသွား" တရားတော်
၂း၀၀	MRTV-4 သတင်း
၂း၂၀	Style ရှိမှ Star ဖြစ်မယ်
၃း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၂၃)**
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၈၁)**
၄း၅၅	Activities In The City
၅း၂၀	ဇော်ရှိန်း(မိုးပြာအောက်ကမေ)
၅း၃၅	MNL Preview
၆း၀၀	MRTV-4 သတင်း
၆း၂၀	ရွှေချယ်အစုံစုံ ရင်သွေးရိပ်မြုံ
၆း၃၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၂၄)**
၇း၂၀	The Champion of Dance
၈း၀၀	MRTV-4 သတင်း
၈း၃၀	ဂီတသရုပ်ပြခန်း
၉း၁၀	အနုပညာမိုးကောင်းကင်
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၈၂)**
၁၀း၂၀	VJ Choice
၁၀း၃၅	ပန်းချီဆရာကြီးဦးလွန်းကြွယ်၏ သူ့ဘဝနဲ့သူ့လက်ရာ
၁၁း၀၀	သူတို့ပြောတဲ့သူတို့အကြောင်း
၁၁း၃၅	ခံစားမှုရသစုံလင်. . . အမျိုးသားကန်တော်ကြီးဥယျာဉ်
၁၁း၅၅	World of Knowledge
၁၂း၄၅	သာယာငြိမ်းချမ်း စိမ်းလန်းဝေစည် ငွေတောင်ပြည်
၁း၁၅	ဖန်တီးသူနှင့်အနုပညာ
၁း၃၅	ရတနာရွှေသိုက်
၁း၄၀	လှပသစ်ဆန်းအလှပြင်ခန်း
၂း၀၀	သတင်းပေးလို့ဖော် တောင်ငူပဲကြော်၊ ပဲလှော်
၂း၁၀	လှပချစ်စရာ လက်မှုအနုပညာ
၂း၃၅	နွေးထွေးသော ဝန်ဆောင်မှုများနှင့် ဇေဒင်
၂း၄၅	မုံရွာမြို့သို့အလည်တစ်ခေါက်
၃း၀၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၄း၀၀	ကလောဈေးနေ့
၄း၀၅	မောတို့မြေမှအံ့ဖွယ်ထူးခြား လိုဏ်ဂူများ
၄း၅၅	ဖူးစိုဘုရားစုံမြို့ဖျာပုံ

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ဂျပန်နိုင်ငံသံအမတ်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၂

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Takashi SAITO နှင့်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး မေခလာဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ၍ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး ကိစ္စရပ်များနှင့် ဂျပန်-မြန်မာ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်နေမှုများကို အတွေ့အကြုံဖလှယ်ကြပြီး ဆက်လက် ပိုမိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များအား ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Takashi SAITO နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ ရန်ကုန်တောင်ပိုင်းခရိုင်၌ ကျင်းပ

ရန်ကုန် ဇွန် ၂

ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်း သားသမီးများအား ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို မေ ၂၇ ရက် ညနေ ၃ နာရီတွင် သန်လျင်မြို့ရှိ ရှင်စောပုခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုင်းသော်ဝင်းက အမှာစကားပြောကြားပြီး ဝန်ထမ်းသားသမီး ၁၂ ဦး အတွက် ကျောင်းဝတ်စုံ၊ စာရေးကိရိယာ၊ ပညာသင်ထောက်ပံ့ကြေး စုစုပေါင်း ငွေကျပ် ၁၅၅၄၇၅ ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုင်းသော်ဝင်းက ကျောင်းသား၊ ကျောင်းသူများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)** (၅၂၇)

ပညာသင်စရိတ်နှင့် ကျောင်းသုံးစာအုပ်များပေးအပ်

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)ရဲတပ်ဖွဲ့ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာသင်စရိတ်ထောက်ပံ့ကြေးနှင့် ကျောင်းသုံးဗလာစာအုပ်များပေးအပ်ပွဲ အခမ်းအနားကို မေ ၂၈ ရက်က ပြည်မြို့ နဝင်းရဲရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကျော်ဆွေ တက္ကသိုလ်ကျောင်းသားတစ်ဦးအား ပညာသင်ထောက်ပံ့ကြေးငွေနှင့် ကျောင်းသုံး ဗလာစာအုပ်များ ပေးအပ်စဉ်။

(၄၉၇)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃-၆-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၁၀ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈း၁၅ ၈။ အကပြိုင်ပွဲ
- ၈း၂၅ ၉။ "အမျိုးနှင့်မျိုး"
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ အတီးပြိုင်ပွဲ
- ၄း၃၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄း၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
- ၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၀ ၇။ မြန်မာစာ၊ မြန်မာစကား
- ၅း၁၅ ၈။ နှောင်းခေတ်တေးပဒေသာ
- ၅း၂၅ ၉။ "သဘာဝဘေးအန္တရာယ်များ"
- ၅း၃၅ ၁၀။ ရိုးသားဖြူစင်ကလေးတို့အသွင်
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ ရသစုံလင်အင်တာနက်ဥယျာဉ်
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ဒုတိယတွဲ) (အပိုင်း-၃၈)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ "လျှပ်တစ်ပြက်ဟာသများ"
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှောင်ကြိုး" (အပိုင်း-၂)**
- ၂၀။ သီချင်းချစ်သူ
- ၂၁။ အစီအစဉ်ပြီး၏။

နိုင်ငံတကာအားကစားသတင်းများ

ဗီလာအသင်း ဂျရတ်ဟူလီယာကို ပေါင်ငါးသန်းပေး၍ ထုတ်ပယ်

လန်ဒန် ဇွန် ၂

၂၀၁၀-၂၀၁၁ ဘောလုံးရာသီတွင် ပရီမီယာလိဂ်၌ ရလဒ်မကောင်းခဲ့သည့် ဗီလာအသင်းသည် ၎င်းတို့၏ နည်းပြဖြစ်သူ ဂျရတ်ဟူလီယာကို ပေါင်ငါးသန်းပေး၍ ထုတ်ပယ်လိုက်ပြီ ဖြစ်သည်။

ဗီလာအသင်းပိုင်ရှင် ရန်ဒီလာနာက ဂျရတ်ဟူလီယာမှာ နှလုံးရောဂါရှိနေ၍ လျော်ကြေးပေးကာ အနားပေးလိုက်ခြင်း ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာသည်။ ဂျရတ်ဟူလီယာ(**အောက်ဝဲပုံ**)သည် ဗီလာနည်းပြဟောင်း မာတင်အိုနေးလ်၏ နေရာကို အစားထိုးဝင်ရောက်ကာ တာဝန်ထမ်းဆောင်ခဲ့ခြင်းဖြစ်သည်။ နှလုံးရောဂါခံစားခဲ့ရသည့် ဂျရတ်ဟူလီယာသည် ယခုအချိန်တွင် ပြန်လည်ကျန်းမာလာပြီး နည်းပြတာဝန်ကို ဆက်လက်ထမ်းဆောင်ရန်ဆန္ဒရှိနေခဲ့သည်။ သို့သော် ဂျရတ်ဟူလီယာကို ဆေးကုသမှုများ ပြုလုပ်ပေးခဲ့သည့် ဆရာဝန်များကမူ ၎င်းအနေဖြင့် မည်သည့်အသင်းကိုမှ မကိုင်တွယ်သင့်တော့ကြောင်း ပြောကြားခဲ့သည်။ ဗီလာအသင်းသည် ဂျရတ်ဟူလီယာကို ထုတ်ပယ်ပြီးနောက်ပိုင်းတွင် ယင်းနေရာကို အစားထိုးရန်အတွက် ဖူလ်ဟမ်နည်းပြ မာ့ခ်ဟုချ်ကို ခေါ်ယူရန် ပြင်ဆင်နေသည်ဟုသိရသည်။***TheSun*။**

မိုက်ကယ်အိုဝင် မန်ယူနှင့် စာချုပ်သက်တမ်းတစ်နှစ်တိုး

မန်ချက်စတာ ဇွန် ၂

တစ်ချိန်က ငှက်မြန်လေးဟု တင်စားခေါ်ဝေါ်ခြင်းခံခဲ့ရသည့် အင်္ဂလန်တိုက်စစ်မှူးဟောင်း မိုက်ကယ်အိုဝင်သည် မန်ယူအသင်းနှင့်စာချုပ်သက်တမ်း တစ်နှစ်ထပ်မံတိုးမြှင့်ချုပ်ဆိုလိုက်ပြီဖြစ်သည်။

မန်ယူနည်းပြ ဖာဂူဆန်က မိုက်ကယ်အိုဝင်သည် ကမ္ဘာ့အဆင့်အတန်းမီ ထိပ်တန်းကစားသမားတစ်ဦးဖြစ်ကြောင်း၊ အသင်းအတွက် ခြေစွမ်းပြဂိုးမသွင်းနိုင်သည်မှာ ကံကြမ္မာကြောင့်ဟုထင်ကြောင်း၊ မိုက်ကယ်အိုဝင်နှင့် ဝိန်းရွန်နေးတို့မှာ အကောင်းဆုံးတိုက်စစ်အတွဲဖြစ်ကြောင်း၊ လာမည့်နှစ်ဘောလုံးရာသီတွင် ၎င်းကိုအခွင့်အရေးများပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယင်းအပြင် မန်ယူအသင်းမှ ထွက်ခွာရန် ပြင်ဆင်နေသည့် ဘာဘာတော့ဗ်သည်လည်း အသင်း၌သာ ဆက်လက်ရှိနေမည်ဟု သတင်းများတွင် ဖော်ပြထားသည်။ ***ESPN*။**

ဆပ်ဘလတ္တာ ဖီဖာဥက္ကဋ္ဌအဖြစ် လေးကြိမ်မြောက် ရွေးချယ်ခံရ

ဇူးရစ် ဇွန် ၂

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ ဥက္ကဋ္ဌနေရာကို (၆၁)ကြိမ်မြောက်ဖီဖာညီလာခံတွင် မဲစနစ်ဖြင့် ရွေးချယ်ဆုံးဖြတ်ခဲ့ရာ လက်ရှိဥက္ကဋ္ဌဖြစ်သူ ဆပ်ဘလတ္တာကို ၁၈၆ မဲပေး၍ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

အသက်(၇၅)နှစ်ရှိပြီဖြစ်သည့် ဆပ်ဘလတ္တာ၏ ဖီဖာဥက္ကဋ္ဌရာထူးနေရာအတွက် ယခင်က အဓိကပြိုင်ဘက်မှာ အာရှဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ မိုဟာမက်ဘင်ဟမ်မန်းဖြစ်ခဲ့သော်လည်း ယင်းရာထူးနေရာအတွက် ရွေးချယ်ခါနီးတွင် မိုဟာမက်ဘင်ဟမ်မန်းမှာ နုတ်ထွက်သွားခဲ့သည်။ ဖီဖာအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် အင်္ဂလန်နိုင်ငံသည် ယခုညီလာခံကို ရွှေ့ဆိုင်းရန် ကြိုးပမ်းမှုများကို ယူအီးအက်ဖ်အေက ကာကွယ်တားဆီးခဲ့ရသည်ဟုဆိုသည်။

ယခု ဖီဖာဥက္ကဋ္ဌ ရွေးချယ်ပွဲတွင် လေးကြိမ်မြောက် အနိုင်ရ ရွေးချယ်ခံရသည့် ဆပ်ဘလတ္တာသည် ဖီဖာဥက္ကဋ္ဌအဖြစ် နောက်ထပ်လေးနှစ် ဆက်လက်တာဝန်ထမ်းဆောင်ရတော့မည်ဖြစ်သည်။ ***AFP*။**

လေးကြိမ်မြောက် ဖီဖာဥက္ကဋ္ဌဖြစ်လာသည့် ဆပ်ဘလတ္တာ။

ဟာန်သစ်

ပြည်တွင်း အားကစားသတင်းများ

မြန်မာများပစ်ဒိုင်အဖွဲ့များ ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဇွန် ၂

ဇွန် ၃ ရက်မှ ၅ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် အာရှမြားပစ်အဖွဲ့ချုပ် ဒိုင်လူကြီးများ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ရန် ဒေါ်ကေသီ(ဦးစီးအရာရှိ၊ အားကစားနှင့်ကာယပညာဦးစီးဌာန) ဦးဆောင်သော မြန်မာမြားပစ်ဒိုင်လူကြီးလေးဦးတို့သည် ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားကြသည်။

မြန်မာမြားပစ်ဒိုင်လူကြီးအဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ရဲအုပ် တင်အောင်ကို (ပြည်ထဲရေးဝန်ကြီးဌာန)၊ ဒုတိယရဲအုပ် ဝင်းတင့်(ပြည်ထဲရေးဝန်ကြီးဌာန)နှင့် ဒေါ်အေးသီတာ (နည်းပြ/ နည်းစနစ်မှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန)တို့ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အိုလံပစ်နေ့အထိမ်းအမှတ် စစ်တုရင်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၁၁ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် ၂၅ မိနစ် အမြန်ရွှေ့ စစ်တုရင်ပြိုင်ပွဲကို ဇွန် ၁၅ ရက်မှ ၁၇ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် စစ်တုရင်အားကစားသမားများသည် ဇွန် ၁၄ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းသို့ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးဝင်းနိုင်ဦး-ဒေါ်မေစန်းစန်း တို့၏
တစ်ဦးတည်းသောသား

မောင်စည်သူနိုင်လင်း

B.A(Economics),CAT, Dip in Hospitality (University of Toulouse)

နှင့်

ရန်ကုန်မြို့နေ ဦးအောင်သန်းမြင့် [လ/ထ အင်ဂျင်နီယာ (စက်မှု)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း]-
ဒေါ်ခင်ရီတို့၏ သမီးငယ်

မကြည်ပြာအောင်

B.Sc (Biomedical Science) (MONASH University)

တို့၏ ၁၇-၅-၂၀၁၁ရက်(အင်္ဂါနေ့) Traders Hotel Myanmar Ballroom ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲသို့ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်နှင့်ဇနီး ဒေါ်အေးအေးချစ်တို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ် ဆင်မြန်းပေးသော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းနှင့်ဇနီး ဒေါ်နီနီအောင်တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများနှင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးဝင်းတင်၊ မင်္ဂလာပန်းကြဲပေးသော မနေခြည်ရွှန်းလဲ့၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးသော မခင်ကျော်ကျော်ဆင့်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မမေခိုင်လင်းနိုင်၊ သတို့သားအရံ မောင်ကျော်ဇောမြနှင့် မောင်ထက်အောင်သူရ၊ သတို့သမီးအရံ မစုပြည့်ဝင်းနှင့် မထူးထူးထိုက်တို့အားလည်းကောင်း၊ မိတ်ကပ်ဆံပင်နှင့် ဝတ်စုံအလှဖန်တီးရှင် တိုးတိုး (Best Make-up Artist Asia Award)အားလည်းကောင်း၊ ပန်းအလှပြင် နီနီပွိုင့်၊ မှတ်တမ်းတင် ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော ဝဏ္ဏခွာနီးနှင့်အဖွဲ့၊ မေတ္တာဖြင့် မှတ်တမ်းတင်ရိုက်ကူးပေးသော ကိုအောင်ခိုင်လင်းနှင့်အဖွဲ့အား လည်းကောင်း၊ မေတ္တာဖြင့် မအားလပ်သည့်ကြားမှ ကူညီပေးသော ဦးစိုးသိန်းနှင့် ဇနီးအားလည်းကောင်း၊ ထိမ်းမြားမင်္ဂလာဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်စည်သူနိုင်လင်း-မကြည်ပြာအောင်



ပြည်သူ့ထံမှ ပေးစာများ

ကားဘော်ဒီ အလုပ်ရုံများ စိစစ်ပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်မြို့ တာမွေမြို့နယ် မာန်အောင်ရပ်ကွက် ရွှေဝါလမ်းထိပ်နှင့် ရွှေဝါလမ်းအတွင်း၌ ကားဘော်ဒီအလုပ်ရုံနှင့် စက်ပြင်အလုပ်ရုံများရှိရာ ကားဘော်ဒီထုသံ၊ ကားစက်နှိုးသံ၊ ကားဟွန်းသံတို့ ဆူညံလျက်ရှိပြီး ဂက်စ်အိုးကြီးများ အသုံးပြု၍ ကားဘော်ဒီ ဂဟေဆော်ခြင်းများ ပြုလုပ်နေသောကြောင့် မီးဘေးအန္တရာယ်စိုးရိမ်ရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ကားဘော်ဒီနှင့်စက်ပြင်အလုပ်ရုံများအား စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းသူလမ်းသားများ**

ဆိုက်ကားဂိတ်ဖယ်ရှားပေးပါ

စာတည်းရှင့်-

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗဟိုလမ်းနှင့် ကျောင်းကုန်းလမ်းထောင့်ရှိ ဆိုက်ကားဂိတ်တွင် အချင်းချင်း ဖဲကစားခြင်း၊ ကျားထိုးခြင်း၊ ငြင်းခုံတိုင်းထွာခြင်းတို့အပြင် မဆင်မခြင်နေထိုင်ပြုမူမှုများကြောင့် မိန်းကလေးများ ဖြတ်သွားဖြတ်လာ မပြုဝံ့ ဖြစ်ကြရရုံသာမက ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်ကြရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ ဆိုက်ကားဂိတ်အား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

စမ်းချောင်းသူများ

ကံတော-ဒဟတ်ချောင်ရပ်ကွက် လမ်းမကြီးပြုပြင်ပေးပါ

စာတည်းခင်ဗျား-

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် တွင်းကြီးကျေးရွာ ကံတော-ဒဟတ်ချောင်ရပ်ကွက် တောင်မြောက် ဗဟိုလမ်းမကြီး မပြုပြင်သည်မှာ ငါးနှစ်ကျော်ရှိပြီဖြစ်ရာ ဗွက်ရေအိုင်များကြောင့် ခရီးသွားများ အခက်အခဲရှိပါသဖြင့် ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းကောင်းစေလိုသူများ**

မုန့်မျိုးစုံလုပ်ငန်း ပတ်ဝန်းကျင်ထိခိုက်

စာတည်းရှင့်-

ရန်ကုန်မြို့ အင်းစိန်မြို့နယ် စဉ့်ငူရပ်ကွက် ရွှေကျီးလမ်းအတွင်းမှ ပန်းသီးမုန့်မျိုးစုံထုတ်လုပ်သော စက်ရုံတစ်ရုံမှ နေ့ညမပြတ် မီးစက်မောင်းသံနှင့် မုန့်ဖုတ်ရာမှထွက်သော ညှော်နံ့၊ စွန့်ပစ်ပစ္စည်းအနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေသူများ၏ ကျန်းမာရေးထိခိုက်နေပါသဖြင့် စိစစ်ဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။ **ရွှေကျီးလမ်းသားများ**

စာအုပ်စာပေ လူ့မိတ်ဆွေ

အလယ်ပိုင်းဒေသများ မိုးလျော့နည်းမည်

နေပြည်တော် ဇွန် ၂

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ခန္တီးမြို့တွင် ၃ ဒသမ ၀၇ လက်မ၊ ဟုမ္မလင်းမြို့တွင် ၂ ဒသမ ၈၀ လက်မ၊ ကော့သောင်းမြို့တွင် ၂ ဒသမ ၇၁ လက်မ၊ ဘီးလင်းမြို့တွင် ၂ ဒသမ ၀၁ လက်မ၊ အောင်လံမြို့တွင် သုည ဒသမ ၅၅ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက်။ ။ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် မိုးဆက်လက်လျော့နည်းနေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

သူရဲကောင်းတို့တိုင်းပြည် စာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၂

မြဝတီစာပေတိုက်က စာရေးဆရာ ဒေါက်တာထီလာစစ်သူ (ဗိုလ်မှူးကြီး စိုးညွှန့်-ငြိမ်း)၏ သူရဲကောင်းတို့တိုင်းပြည် (The Country of Heroes) စာအုပ်အား အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် ပထမအကြိမ် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ ယင်းစာအုပ်သည် ဆရာကြီး ဒေါက်တာထီလာစစ်သူ မကွယ်လွန်မီ နောက်ဆုံးရေးသားခဲ့သော စာအုပ်ဖြစ်သည်။ **(ယာပုံ)**

၎င်းစာအုပ်ကို မြဝတီစာပေတိုက် အမှတ်(၁၅) တပ်မြေ မိုးကောင်းဘုရားလမ်း (၁၅)ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၅၉၂၇၃၊ ၅၄၄၈၉၄ မှ ထုတ်ဝေဖြန့်ချိပြီး အမြို့မြို့ အနယ်နယ်ရှိ စာအုပ်အရောင်းဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ဆုတူးပန်အဘိဓမ္မာသင်တန်း

ရန်ကုန် ဇွန် ၂

ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရား ဩဝါဒါစရိယဆရာတော်များနှင့် ဂေါပကအဖွဲ့၏ စီစဉ်မှုဖြင့် ဆုတူးပန်အဘိဓမ္မာသင်တန်းမှ သဒ္ဓမ္မဇောတိကဓဇ ဆရာဟန်နှင့် ဆရာများက အဘိဓမ္မာ၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ်ဘာသာရပ်များကို အခမဲ့ ဓမ္မဒါန ပို့ချသင်ကြားပေး၍ အပတ်စဉ်စနေ၊ တနင်္ဂနွေနေ့တိုင်း နံနက် ၈ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိ မည်သူမဆို အခမဲ့တက်ရောက်သင်ယူနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် မစ္စတာ လီယွန်ချောင်တို့ နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဇွန် ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Commercial Aircraft Corporation of China နှင့် AVIC International Holding Corporation တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့ ညနေ ၄ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် မစ္စတာ လီယွန်ချောင်တို့ တက်ရောက်ချီးမြှင့်ကြသည်။

လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာနှင့် သံရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Commercial Aircraft Corporation of China နှင့် AVIC International Holding Corporation တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် မစ္စတာ လီယွန်ချောင်တို့ တက်ရောက်ချီးမြှင့်ကြစဉ်။ (သတင်းစဉ်)

အခမ်းအနားတွင် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် မစ္စတာ လီယွန်ချောင်

စာမျက်နှာ ၉ ကော်လံ ၃ သို့ ❖